မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၁၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၂၅)

ဗိုလ်တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေးနိုင်ငံ ဘုရင်မင်းမြတ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁၇

၂၀၁၂ ခုနှစ် မေ ၁၇ ရက်တွင်ကျရောက်သည့် နော်ဝေးနိုင်ငံ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နော်ဝေးနိုင်ငံ ဘုရင်မင်းမြတ် ပဉ္စမမြောက် ဟာရယ်လ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် နော်ဝေးနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁၇

၂၀၁၂ ခုနှစ် မေ ၁၇ ရက်တွင်ကျရောက်သည့် နော်ဝေးနိုင်ငံ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ နော်ဝေးနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဂျန်း(စ်)စတိုလ်တန်ဘတ်ခ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ မူရတ် ရာဘုစ် အက်တီစ်အား နေပြည်တော်ရှိ သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ တူရကီသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ မူရတ် ရာဘုစ် အက်တီစ်သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ထိုင်းနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် မေ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဖိစနု ဆုဝဏ္ဏချုတ်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဖိစနု ဆုဝဏ္ဏချုတ်က ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်စဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၂ ခုနှစ် မေ ၁၇ ရက်)

အတုယူ မမှားကြစေဖို့

လူငယ် လူရွယ်တို့သည် သိလွယ်၊ မှတ်လွယ်၊ အတုယူလွယ်၊ အတုခိုးလွယ်ကြသည့် သဘောရှိ၏။ ကောင်းသောအရာကို အတုယူခြင်းကား ကောင်း၏။ မကောင်းသောအရာကို အတုခိုးမိခဲ့ပါလျှင် ဘဝနှင့်ချီပြီး နစ်မွန်းသွားနိုင်ပေသည်။ အတုယူကောင်းလို့ ဘဝအောင်မြင်သူများရှိကြသကဲ့သို့ အတုယူမှား၍ ဘဝလမ်းကြောင်းမှား ရောက်သွားကြသူများလည်းရှိ၏။

ယနေ့ လူငယ် လူရွယ်ထုတစ်ရပ်လုံး၏ စိတ်ပိုင်းဆိုင်ရာများကို အပြုပြင်နိုင်ဆုံးအရာများကား ရုပ်ရှင်၊ ဗီဒီယိုနှင့် ရုပ်သံဇာတ်လမ်းတွဲများပင် ဖြစ်၏။ ဤအရာများသည်ကား လူငယ်တို့၏ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာများ၊ စရိုက်လက္ခဏာများ၊ အပြုအမူများ၊ နေထိုင်မှုစနစ်ပုံစံများ စသည်ဖြင့် ပြောင်းလဲပေးနိုင်၏။ ဤသည်တို့မှ ကောင်းသောအတုကိုယူမိလျှင် ကောင်း၏။ အတုယူမှားလျှင် မကောင်းပေ။

ရှေးအခါက ရုပ်ရှင်ဇာတ်ကားများထဲတွင် မင်းသား၊ မင်းသမီးများ၏ ပြုမူပြောဆိုပုံများကိုကြည့်ပြီး အပြင်မှာလည်း လူငယ်များက လိုက်အတုခိုးတတ်ကြသည်။ မင်းသားက အင်္ကျီကော်လံထောင်ဝတ်ပြလျှင် အပြင်မှာလည်း လိုက်လုပ်သည်။ မင်းသားက ဘောင်းဘီဖြဲဝတ်လျှင် အပြင်မှာလည်း လိုက်ဖြဲဝတ်ကြသည်။ မင်းသား မင်းသမီးတို့၏ ဇာတ်လမ်းထဲတွင် ပြောသည့်စကား၊ ဟန်ပန်အမူအရာများကို လိုက်လုပ်တတ်ကြသည်။

ယနေ့ခေတ်တွင်မူ ရုပ်ရှင်ဇာတ်ကားများနေရာတွင် ရုပ်သံဇာတ်လမ်းတွဲများနှင့် ဗီဒီယိုတို့က အစားထိုးနေရာယူကြပြီ။ မင်းသား မင်းသမီးများက ဇာတ်လမ်းတွဲများတွင် ဆံပင်ကိုကောက်သည်၊ ဖြောင့်သည်၊ ဆေးဆိုးသည် စသည်ဖြင့် ဇာတ်လမ်းနှင့် လိုက်ဖက်အောင်ပြုပြင်ကြသည်။ ထိုအရာများ အပြင်မှာလည်း လိုက်လုပ်သည်။ အထူးသဖြင့် နိုင်ငံခြားဇာတ်လမ်းတွဲများတွင် အကွဲ၊ အဟိုက် ဝတ်ဆင်မှုများကိုတွေ့ရသည်။ တစ်ခါတစ်ရံ မင်းသမီးများက အပေါ်ပိုင်းတွင် ဟီရိသြတ္တပ္ပ အလျှင်းမရှိသည့် အဝတ်အစားများကိုလည်း ဝတ်ဆင်ပြတတ်ကြသေးသည်။ အောက်ပိုင်းဝတ်ဆင်မှုမှာလည်း ဖရိုဖရဲ အတိုအကွဲများသာ တွေ့ရတတ်သည်။ ဤသည် ဤသည်တို့ကို လိုက်လံ အတုခိုးကုန်ကြသည်။

လူဆိုသည်မှာ အသိုင်းအဝိုင်းရှိ၏။ မိဘမောင်ဖွားရှိ၏။ သူငယ်ချင်း အပေါင်းအသင်းရှိ၏။ ၎င်းတို့ကို ရိုသေရမည်။ လေးစားရမည်။ ရှက်ခြင်း၊ ကြောက်ခြင်းတည်းဟူသော ဟီရိသြတ္တပ္ပတရားရှိရမည်။ “ဟာဗျာ…၊ ကိုယ့်ဟာကိုယ် လွတ်လွတ်လပ်လပ်နေတာ ဘယ်သူ့ဂရုစိုက်ရမှာလဲ” ဟူ၍ ပြောသူများရှိ၏။ အမှန်စင်စစ် အရှက်တရား၊ အကြောက်တရားကင်းမဲ့ခြင်းသည် မိမိတစ်ဦးတည်းကိုသာ ထိခိုက်ခြင်းမဟုတ်ပေ။ မိမိ၏မိဘမောင်ဖွား၊ ဆွေမျိုးများကိုပါ ထိခိုက်စေသည်။ အရှက်ရစေသည်။ ယုတ်စွအဆုံး မိမိနိုင်ငံ၊ မိမိလူမျိုးကိုပါ ဂုဏ်သိက္ခာထိပါးစေသည်။

သို့ပါသောကြောင့် လူငယ် လူရွယ်များအနေဖြင့် ကောင်းသော အတုများကို ယူကြပါ။ မကောင်းသော စရိုက်လက္ခဏာ၊ ပြုမူပြောဆိုခြင်းများကို ရှောင်ကြဉ်သင့်ပါသည်။ မိမိ၏ဂုဏ်သိက္ခာသည် မိမိ၏ မိဘဆွေမျိုးတို့၏ ဂုဏ်သိက္ခာလည်း ဖြစ်ပါသည်။ ဂုဏ်သိက္ခာသည် လူတစ်ဦးတစ်ယောက်၏ ဘဝအညွန့်လည်း ဖြစ်ပါသည်။ ဂုဏ်သိက္ခာရှိရှိ ပြောဆိုပြုမူ နေထိုင်နိုင်မှ ဘဝအညွန့်လည်း ကောင်းပါမည်။ ထို့ကြောင့် လူငယ်လူရွယ်များ ဘယ်အရာမဆို အတုယူမမှားကြစေဖို့ အသိပေးတိုက်တွန်းလိုက်ရပါသည်။ ။

ကုန်သည်/စက်မှုအသင်းချုပ်၌ သင်တန်းများဆင်းပွဲကျင်းပ

ရန်ကုန် မေ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီက ကြီးမှူးဖွင့်လှစ်ခဲ့သည့် Office Management Course, International Trade Course, Systematic Distribution & Management Course, Higher Sales and Marketing Course, Business English Course, Human Resource Management Course, Office Management Course သင်တန်းများဆင်းပွဲ အခမ်းအနားကို မေ ၁၃ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ် ခန်းမကြီး၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးအောင်လွင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။ ယင်းနောက် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒေါက်တာမျိုးသက်က UMFCCI Training Institute ၏ သင်တန်းများအကြောင်းကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် တာဝန်ရှိသူတို့က သင်တန်းဆင်းလက်မှတ်နှင့် ဆုရရှိကြသူများအား ဆုများပေးအပ်ကြကြောင်း သိရှိရသည်။ **(၁၆၈)**

မော်လမြိုင်ကျွန်းမြို့၌ ချောင်းကူးတံတားများဖွင့်

မော်လမြိုင်ကျွန်း မေ ၁၆

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်ချောင်းကူးတံတားများ ဖွင့်ပွဲကို မေ ၁၂ ရက် နံနက် ၁၀ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ဂရမ်းဝချောင်းကူးတံတားသစ်၌ ကျင်းပသည်။

ဖွင့်ပွဲတွင် ချောင်းကူးတံတားများ အလှူရှင် ဓမ္မစေတီဖောင်ဒေးရှင်း ဦးဆောင် ပဓာနနာယက ပြည်တွင်းပြည်ပ သာသနာပြု(၁၀)ဘွဲ့ရ မင်းကွန်းဓမ္မစေတီ ဆရာတော် ဘဒ္ဒန္တနာဂိန္ဒာ လက်ာရ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်းနှင့် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးစန်းမောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ)**

အလားတူ ကျေးရွာချင်းဆက် ချောင်းကူးတံတားများ ဖြစ်သည့် သံတံတားကြီး၊ စန္ဒီ၊ အုန်းပင်စု၊ သန်းဇော်၊ နွဲ့နွဲ့ဝင်း၊ ခင်မောင်ဝင်း၊ ထိန်ကုန်း၊ သူကြီးကန်၊ ဒလင်း၊ သံဖြူရုံနှင့် လောကဓာတ်တံတားများအား တစ်နေ့တည်း ဆက်လက်ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ အဆိုပါ ချောင်းကူးတံတားစုစုပေါင်း ၁၁ စင်းကို ချောင်းကူးတံတားအလှူရှင် ဓမ္မစေတီ ဆရာတော်နှင့်ကျေးရွာချောင်းကူးတံတားအလှူရှင်များက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကျပ် ၁၃၂၅သိန်းကျော် အကုန်အကျခံ လှူဒါန်းတည်ဆောက်ပေးခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၆၅)**

ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် မိုင်းခုတ်မြို့၌ဖွင့်

မိုင်းခုတ် မေ ၁၆

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် မိုင်းခုတ်မြို့နယ်ခွဲ ဖန်ဖုကျေးရွာအုပ်စု နမ့်ဘော်လုံကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၂၇ ရက် နံနက် ၁၁ နာရီက ကျင်းပရာ မိုင်းဆတ်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇေယျ၊ ဖန်ဖုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျထော၊ လားဟူတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဥက္ကဋ္ဌ ဦးအယ်လိုတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ဇေယျက အမှာစကားပြောကြားပြီး ရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေး၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ အောင်ဇေယျနှင့် မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးနေအောင်တို့က ကျေးလက်ကျန်းမာရေးဌာနခွဲအတွက် ဆေးဝါးများ လှူဒါန်းပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဦးလှဌေးက လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကျေးရွာစာကြည့်တိုက်အတွက် သတင်းစာ၊ ဂျာနယ်စာစောင်များ ပေးအပ်လှူဒါန်းကြသည်။

အဆိုပါ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံကို ဒေသခံများက ပါဝင်လှူဒါန်းငွေကျပ် ၂၂ သိန်းကျော်ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ပညာဒါနစာသင်ဝိုင်းဖွင့်ပွဲ ညောင်လေးပင်မြို့၌ကျင်းပ

ညောင်လေးပင် မေ ၁၆

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ အာဇာနည်လမ်း အမကကျောင်း၌ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာဒါနစာသင်ဝိုင်းဖွင့်ပွဲအခမ်းအနားကို မေ ၁၀ ရက် နံနက် ၉ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ပညာဒါနအလုပ်အမှုဆောင်နာယက ဒေါက်တာမြင့်သန်းက အမှာစကားပြောကြားသည်။ ထို့နောက် အထက(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းနွဲ့ရီ **(အပေါ်ပုံ)**က ပညာဒါနစာသင်ဝိုင်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ ပညာဒါနအလုပ်အမှုဆောင်ဥက္ကဋ္ဌ ဦးစိုးဝင်းက ပညာသင်ကြားရေးနှင့် ပတ်သက်၍ စီမံဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြသည်။ အဆိုပါပညာဒါနစာသင်ဝိုင်းသည် အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ကြားရန် အခက်အခဲရှိသော တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအတွက် ရည်ရွယ်ပြီး တစ်နှစ်ပတ်လုံး အခမဲ့ပညာသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(၁၃၈)**

လူမှုကူညီရေးအသင်း ညှိနှိုင်းစည်းဝေး

တောင်ငူ မေ ၁၆

တောင်ငူမြို့ မေတ္တာနှင့်စေတနာ လူမှုရေးကူညီမှုအသင်း ယခင် (ပြဟ္မစိုရ်) လူမှုရေးအသင်း၏ (၁၀)နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပရန်အတွက် အကြိုညှိနှိုင်းအစည်းအဝေးကို မေ ၁၅ ရက် နံနက်က မေတ္တာနှင့်စေတနာသွေးလှူရှင် အသင်းရုံးခန်းမ၌ ကျင်းပရာ အခမ်းအနားမှူး အဖြစ်အသင်း အတွင်းရေးမှူး ဦးသိန်းလွင်(လမင်းဆန်ပွဲရုံ)က ဆောင်ရွက်ပြီး သဘာပတိအသင်းနာယက ဦးကျော်လှ (သမာဓိ)နှင့် အသင်းဥက္ကဋ္ဌ ဦးမြင့်ညို (အမေ့အိမ်)တို့က အမှာစကားပြောကြားကြသည်။ ဆက်လက်၍ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီ၊ ဖိတ်ကြားရေး ဆပ်ကော်မတီနှင့် ကြိုဆိုဧည့်ခံရေး ဆပ်ကော်မတီ အသီးသီးတို့ကို ဖွဲ့စည်းခဲ့ကြကြောင်း သိရှိရသည်။ **(၁၃၆)**

ရန်ကုန်မြို့ သာကေတမြို့နယ် ၂/တောင် အမှတ် (၁၀၀၀/က) မာန်ပြေ (၄)လမ်း အနောက်နေ ဦးငြိမ်းမောင် မိသားစုက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးအာဟာရငွေပဒေသာပင် ငွေကျပ် တစ်သိန်းငါးသောင်း လှူဒါန်းရာ ဘိုးဘွားရိပ်သာဥက္ကဋ္ဌ ဦးထွန်းကြိုင် လက်ခံယူစဉ်။ (ဝဝ၉)

သက်ကြီးစာပေပညာရှင်များ ပူဇော်ပွဲကျင်းပ

ရန်ကုန် မေ ၁၆

အင်းစိန်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့၏ ဒုတိယအကြိမ် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအခမ်းအနားကို ဧပြီ ၂၉ ရက် နံနက် ၁၀ နာရီက မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ရုံးခန်း၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းဝေ (ဒါရိုက်တာ-ဘုန်းဝေ)နှင့် ဒုတိယဥက္ကဋ္ဌ သက်ကြီးပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ ခေါင်းဆောင် ဦးဘိုကြည် (ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး) တို့က အမှာစကားပြောကြားကြပြီး ကန်တော့ခံသက်ကြီးစာပေပညာရှင်များကိုယ်စား မြန်မာနိုင်ငံ သိပ္ပံနှင့်ဝိဇ္ဇာပညာရှင်များအဖွဲ့ဥက္ကဋ္ဌ ဆရာကြီး ဦးသန်းဦး (ပြည်စိုးမင်း)က ဆုတောင်းမေတ္တာများ ပို့သပေးသည်။

အခမ်းအနားတွင် အင်းစိန်မြို့နယ်အတွင်းရှိ သက်ကြီးစာပေပညာရှင် ၂၀ ဦးတို့အား စာပေအဖွဲ့ဝင်များက ငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ညနေပိုင်း ထမင်း/ဟင်းချက်ချိန် မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်းချက်ပြုတ်ခြင်း မပြုစေရန်။
(ခ) မီးဖိုကို သုံးစွဲပြီးပါက မီးကွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှု မဖြစ်စေဘဲ အထူး သတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန

စာနယ်ဇင်းမီဒီယာကဏ္ဍကို စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်အဖြစ် ရပ်တည်ရှင်သန်နိုင်အောင် ဦးတည် အခြေခံဥပဒေနှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် ပြုပြင်ပြောင်းလဲမှုများ ကြိုတင်မျှော်တွေးပြင်ဆင်ခဲ့

ဥပဒေကို အမြန်ဆုံးအတည်ပြုပြဋ္ဌာန်းနိုင်အောင် ပြင်ဆင်ရေးဆွဲမှုများ အလေးထားဆောင်ရွက်လျက်ရှိ

တွေ့ဆုံမှာကြား

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မြန်မာစာနယ်ဇင်းသမဂ္ဂနှင့် မြန်မာဂျာနယ်လစ် ကွန်ရက်တို့မှ တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။
(သတင်းစဉ်)

ရန်ကုန် မေ ၁၆

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ အသစ်ဖွဲ့စည်းရန် ပြင်ဆင် ဆောင်ရွက်လျက်ရှိကြသည့် မြန်မာနိုင်ငံစာရေးဆရာအသင်း (Myanmar Writers Association)ဖြစ်မြောက်ရေးကော်မတီ၊မြန်မာနိုင်ငံပုံနှိပ်နှင့်ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်း (Myanmar Printers and Publishers Association)၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း (Myanmar Journalists Association) ဖြစ်မြောက်ရေး ကော်မတီ၊ မြန်မာနိုင်ငံ စာပေထုတ်ဝေ ဖြန့်ချိသူများအသင်း (Myanmar Publishers and Books Sellers Association) ဖြစ်မြောက်ရေးကော်မတီတို့မှ တာဝန်ရှိသူများနှင့် မေ ၁၃ ရက် ညနေပိုင်းတွင်လည်းကောင်း၊ မြန်မာစာနယ်ဇင်းသမဂ္ဂ (Myanmar Journalists Union)နှင့် မြန်မာဂျာနယ်လစ် ကွန်ရက် (Myanmar Journalists Network) တို့မှ တာဝန်ရှိသူများနှင့် မေ ၁၄ ရက် မွန်းလွဲပိုင်းတွင်လည်းကောင်း ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

ဦးတည်ဆောင်ရွက်

အဆိုပါ တွေ့ဆုံဆွေးနွေးမှုများတွင် ပြန်ကြားရေးဝန်ကြီးဌာနနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ယခုကဲ့သို့ စာပေနှင့်စာနယ်ဇင်းဆိုင်ရာ အသင်းအဖွဲ့များကို ဖွဲ့စည်းရပ်တည်နိုင်ရန် ဆောင်ရွက်နေမှုများသည် သက်ဆိုင်ရာစာပေနှင့်စာနယ်ဇင်းလောကသားများ၏အကျိုးကို ဖော်ဆောင်ပေးနိုင်ရန်နှင့် အရည်အချင်းပြည့်ဝပြီး စစ်မှန်သည့်စတုတ္ထမဏ္ဍိုင်အဖြစ် ရပ်တည်ဖော်ဆောင်နိုင်ရန် ရည်ရွယ်ရင်းဖြစ်သည်ဟု ယုံကြည်ကြောင်း၊ ထို့ကြောင့် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် အသင်းအဖွဲ့များအားလုံးအတွက် အဘက်ဘက်မှ ပူးပေါင်း ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် စာနယ်ဇင်းမီဒီယာကဏ္ဍကို ပြောင်းလဲလာသည့် ခေတ်စနစ်နှင့်အညီ အရည်အသွေးရှိပြီး စစ်မှန်သည့် စတုတ္ထမဏ္ဍိုင်အဖြစ် ရပ်တည်ရှင်သန်လာနိုင်အောင် ဦးတည်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို အတည်ပြုပြီးချိန်မှစ၍ မီဒီယာလောကအနေဖြင့် အခြေခံဥပဒေနှင့်အညီ လိုက်လျောညီထွေ ကျင့်သုံးဆောင်ရွက်နိုင်စေရန် ပြုပြင်ပြောင်းလဲမှုများကို ကြိုတင်မျှော်တွေး ပြင်ဆင်ဆောင်ရွက်ပေးခဲ့ကြောင်း။

တစ်ဖက်ကလည်း Print Media Law ကို ရေးဆွဲလျက်ရှိပြီး ယင်းဥပဒေ အတည်ပြု ပြဋ္ဌာန်းနိုင်ချိန်တွင် စာပေစာနယ်ဇင်းသမားများအနေဖြင့် ယင်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ လိုက်လျောညီထွေ သဟဇာတဖြစ်စွာ ကျင့်သုံးဆောင်ရွက်နိုင်စေရန်အတွက် စနစ်တကျဖြေလျှော့မှုများကို တစ်ဆင့်ချင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုရက်ပိုင်းအတွင်း ဝတ္ထုစာအုပ်အားလုံးကို ထုတ်/တင်စနစ် ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း၊ တစ်ဖက်ကလည်း ဥပဒေကို အမြန်ဆုံးအတည်ပြုပြဋ္ဌာန်းနိုင်အောင် ပြင်ဆင်ရေးဆွဲမှုများ၊ ဆက်စပ်ညှိနှိုင်းမှုများ အလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ ဥပဒေတွင် စာနယ်ဇင်းကောင်စီ (Press Council) ဖွဲ့စည်းရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါရှိလာမည်ဖြစ်သည်နှင့်အညီ ဥပဒေအတည်ဖြစ်လာချိန်တွင် အဆင်သင့် လိုက်လျောညီထွေ ဖြစ်စေရန်တို့အတွက် အမြဲတမ်းစာနယ်ဇင်းကောင်စီကို ကြိုတင်ဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စာနယ်ဇင်းကောင်စီ ဖွဲ့စည်းတာဝန်ပေးအပ်ပြီးချိန်မှစ၍ စာပေထုတ်ဝေမှုအားလုံးကို ထုတ်/တင်စနစ် ခွင့်ပြုပေးမည်ဖြစ်ပြီး ၎င်းလုပ်ငန်းစဉ်များကို စာနယ်ဇင်းကောင်စီက ဆက်လက်တာဝန်ယူ ထိန်းကျောင်းသွားရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းဆွေးနွေးမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် စာပေနှင့်စာနယ်ဇင်းအသင်းအဖွဲ့ အသီးသီးမှတာဝန်ရှိသူများက သက်ဆိုင်ရာအသင်းအဖွဲ့အလိုက် ရည်ရွယ်ချက်၊ ရှေ့လုပ်ငန်းစဉ်နှင့် လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီးနောက် စာနယ်ဇင်းကောင်စီ ဖွဲ့စည်းရန်အတွက် လျာထားအဖွဲ့ဝင်အမည်စာရင်းများတင်ပြရေး၊ စာနယ်ဇင်းကောင်စီ၏တာဝန်နှင့် လုပ်ပိုင်ခွင့်များသတ်မှတ်ရေး၊ စာနယ်ဇင်းကျင့်ဝတ်နှင့်အညီ ယနေ့စာနယ်ဇင်းမီဒီယာလောကကို ထိန်းကျောင်းရေးဆိုင်ရာများကို အသီးသီးဆွေးနွေးတင်ပြကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ မြန်မာနိုင်ငံစာရေးဆရာအသင်း ဖြစ်မြောက်ရေးကော်မတီက ဆွေးနွေးရာ၌ဦးတင်လှိုင်(လယ်တွင်းသားစောချစ်)က ၂၀၁၂ ခုနှစ် မတ် ၂၄ ရက်တွင် မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အရေးပေါ်ညီလာခံကျင်းပပြီးနောက် မြန်မာနိုင်ငံစာရေးဆရာအသင်း ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းကို အဆိုပါညီလာခံတွင် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း၊ အတည်ပြုပြီးစည်းမျဉ်းနှင့်အညီ မြန်မာနိုင်ငံ စာရေးဆရာအသင်း ဖွဲ့စည်းဖြစ်ပေါ်လာရန် ဖြစ်မြောက်ရေးကော်မတီက လုပ်ငန်းဆိုင်ရာများ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံစာရေးဆရာအသင်းကို ဇွန် ၁၆ ရက်တွင် ပြန်လည်ဖွဲ့စည်းနိုင်ရန် စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)က မြန်မာနိုင်ငံ စာရေးဆရာအသင်းဖြစ်မြောက်ရေးကော်မတီအနေဖြင့် အဆိုပါအရေးပေါ်ညီလာခံတွင် ဆုံးဖြတ်ခဲ့သည့်အတိုင်း မေ ၁၅ ရက် နောက်ဆုံးထား၍ မြို့နယ်စာပေနှင့်စာနယ်ဇင်းအသင်းများ အသစ်ပြန်လည်ဖွဲ့စည်းရန် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်ထိ မြို့နယ်စာရေးဆရာအဖွဲ့ပေါင်း ၁၉၂ ဖွဲ့ ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ဇွန် ၁၆ ရက် ကျင်းပမည့် ညီလာခံတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များကို တိုက်ရိုက်မဲစနစ်နှင့် ရွေးချယ်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးသည် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ မြန်မာစာပေ၏အကျိုး၊ နိုင်ငံတော်၏အကျိုးကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံ သတင်းစာဆရာအသင်းဖြစ်မြောက်ရေးကော်မတီက ဆွေးနွေးရာ၌ ဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူး ဦးကိုကို (ကိုကို-စက်မှုတက္ကသိုလ်)က မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အရေးပေါ်ညီလာခံမှ ဆုံးဖြတ်ချက်များနှင့်အညီ လွတ်လပ်သော မြန်မာနိုင်ငံ သတင်းစာဆရာအသင်းတစ်ခု ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခေတ်စနစ်နှင့်လျော်ညီပြီး အများစုက လက်ခံနိုင်သည့် အသင်းအဖွဲ့ဖြစ်လာအောင် ဖန်တီးဆောင်ရွက်လျက်ရှိကြောင်း၊ ဖြစ်မြောက်ရေးကော်မတီဝင်စုစုပေါင်း ၄၁ ဦးဖြင့် ဖွဲ့စည်းထားပြီး ဖြစ်မြောက်ရေးကော်မတီပုံမှန်အစည်းအဝေးများကို အခါအားလျော်စွာ ကျင်းပလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၏ ဝက်ဘ်ဆိုက်ကို တင်ထားပြီး ဝက်ဘ်ဆိုက်ပေါ်တွင် စည်းရုံးရေးကိစ္စများဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံသတင်းစာဆရာအသင်း စည်းမျဉ်းကို ပို၍ခေတ်မီပြီး သတင်းစာဆရာအားလုံး ပါဝင်ရေးဆွဲသည့် Constitution အဖြစ် မူကြမ်းရေးဆွဲလျက်ရှိပါကြောင်း၊ ဇူလိုင်လဆန်းတွင် Independent Journalist Association တစ်ရပ်အဖြစ် ဖွဲ့စည်းဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ပါကြောင်း၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်းသည် နိုင်ငံတော်နှင့် ပြည်သူအများက မျှော်မှန်းသော စစ်မှန်ပြီး နိုင်ငံရေးပယောဂကင်းရှင်းသည့် ပြည်သူများ၏ အကျိုး၊ စာနယ်ဇင်းလောကသားများ၏ အကျိုးအတွက် စတုတ္ထမဏ္ဍိုင် ပီပီသသ ရပ်တည်နိုင်မည့်အဖွဲ့အစည်းကြီးတစ်ရပ်အဖြစ် ပေါ်ထွန်းလာလိမ့်မည်ဟု ယုံကြည်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အကြံပြုဆွေးနွေး

ဆက်လက်၍ ဦးခင်မောင်လေး (ဖိုးသောကြာ-ခေတ်/မိုး)က မြန်မာနိုင်ငံ သတင်းစာဆရာအသင်းသည် တည့်တည့်မတ်မတ် မှန်မှန်ကန်ကန်ဖြင့် သတင်းစာလောကအကျိုးထက် နိုင်ငံနှင့် ပြည်သူအကျိုးကို ပိုမိုဦးစားပေးပြီး ရပ်တည်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စာနယ်ဇင်းကောင်စီ(Press Council) တွင် ပါဝင်မည့်ပုဂ္ဂိုလ်များသည် ရိုးရှင်းဖြောင့်မှန်စွာဖြင့် မည်သည့်ပယောဂမျှ မဖက်ဘဲ ဆောင်ရွက်သွားကြရန် လိုပါကြောင်း၊ စာနယ်ဇင်းသမားများကိုယ်တိုင်ပင် Free Press ကို အဓိပ္ပာယ်ဖော်ရာ၌ တစ်ဦးနှင့်တစ်ဦး မတူညီနိုင်ပါကြောင်း၊ Free Press ၏ အဓိပ္ပာယ်ကို အနီးစပ်ဆုံး နိုင်ငံတကာစံနှင့် လိုက်လျောညီထွေ ဖြစ်စေရန် ယခု ဥပဒေက ဖော်ဆောင်ပေးရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် အကြံပြုဆွေးနွေးခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းက ဆွေးနွေးရာ၌ အသင်းဥက္ကဋ္ဌ ဒေါက်တာတင်ထွန်းဦးက မြန်မာနိုင်ငံ ပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းအနေဖြင့် ခိုင်ခိုင်မာမာ ရပ်တည်ခဲ့သည်မှာ (၂၂) နှစ်ရှိပြီ ဖြစ်ပါကြောင်း၊ အသင်းကို ၁၉၈၉ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး အသင်းဝင်ပေါင်း (၄၄၅၀) ကျော် ရှိပါကြောင်း၊ ပုံနှိပ်နှင့်ထုတ်ဝေသူဆိုသော်လည်း အလွှာစုံပါဝင်ပြီး ပုံနှိပ်ထုတ်ဝေသူအားလုံး ကိုယ်စားပြုသည့် အနေအထားရှိပါကြောင်း၊ စက္ကူရောင်းဝယ်ရေး၊ မင်ရောင်းဝယ်ရေး၊ စက္ကူစက်များ၊ Colour Separation များ၊ Binding များစသည်ဖြင့် အားလုံးပါဝင်ကြောင်း၊ ထို့ပြင် UMFCCI ၏ ညီနောင်အသင်းတစ်ခုအဖြစ်လည်း ခိုင်မာစွာရပ်တည်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံ စာပေထုတ်ဝေဖြန့်ချိသူများအသင်း ဖြစ်မြောက်ရေးကော်မတီက ဆွေးနွေးရာ၌ ကော်မတီဥက္ကဋ္ဌ ဒေါက်တာသာထွန်းဦးက မြန်မာနိုင်ငံ စာပေထုတ်ဝေဖြန့်ချိသူများအသင်းအစည်းအဝေး ကျင်းပခဲ့သည်မှာ နှစ်ကြိမ်ရှိပြီဖြစ်ပါကြောင်း၊ ထုတ်ဝေသူလောက၊ ဖြန့်ချိသူလောကတွင်ရှိသည့် ထုတ်ဝေသူများ၊ ဖြန့်ချိသူများ၏ဆန္ဒအရ ၎င်းတို့၏လုပ်ငန်းများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ပြီး အနာဂတ်အကျိုးရှိနိုင်မည်ဆိုပါက ထုတ်ဝေဖြန့်ချိသူများ အသင်းတွင် ပါဝင်မည်ဟု သိရပါကြောင်း၊ မကြာမီရက်အတွင်း မိမိတို့အသင်း ဖြစ်မြောက်ရေးကော်မတီ အစည်းအဝေးကို ထပ်မံကျင်းပပြုလုပ်ရန်ရှိပါကြောင်း၊ အဓိကမှာ ထုတ်ဝေသူ၊ ဖြန့်ချိသူအသင်းအနေဖြင့် သီးခြားရပ်တည်ခြင်းအားဖြင့် မိမိတို့လုပ်ငန်းရပ်များကို ပိုမိုထိရောက်အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး ဦးမြင့်ထွန်းက မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူ လုပ်ငန်းရှင်များအသင်းနှင့် ပူးပေါင်းရန်ကိစ္စတွင် တစ်ဖက်က မိမိတို့ ထုတ်ဝေဖြန့်ချိသူများ၏အသံကို နားထောင်ရပါကြောင်း၊ အများဆန္ဒအရ သီးခြားရပ်တည်ရန်စဉ်းစားပြီး သီးခြား ထုတ်ဝေဖြန့်ချိသူများ အသင်းကို ဖွဲ့စည်းဆောင်ရွက်သွားရန် စီစဉ်ထားပါကြောင်း၊ သီးခြားအသင်း ဖွဲ့စည်းဆောင်ရွက်ခြင်းအားဖြင့် မိမိတို့၏ ဖြန့်ချိရေး Network ကြီး ပိုမိုကျယ်ပြန့်လာနိုင်ပါကြောင်း၊ ထုတ်ဝေသူနှင့် ပုံနှိပ်သူများသည် လုပ်ဆောင်ရသည့် လုပ်ငန်းချင်း ဆက်စပ်မှုရှိသော်လည်း သဘာဝချင်း မတူပါကြောင်း၊ ထို့ကြောင့် သီးခြားရပ်တည်ရန် စဉ်းစားဆုံးဖြတ်ပြီး ဖွဲ့စည်းပုံစည်းမျဉ်းကို အပြီးသတ်ရေးဆွဲရန် ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းတင်ပြသည်။

မြန်မာစာနယ်ဇင်းသမဂ္ဂ (Myanmar Journalists Union)က ဆွေးနွေးရာ၌ ဒေါ်အေးအေးဝင်း (AP သတင်းဌာန)က မိမိတို့စာနယ်ဇင်းသမဂ္ဂ ရည်ရွယ်ချက်နှင့် ပြည်ထောင်စုဝန်ကြီး ရှင်းပြသွားသည့် ရည်ရွယ်ချက်ချင်းမှာ အတူတူပင်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် သတင်းသမားများ၏ လွတ်လပ်စွာရေးသားဖော်ပြခွင့်ကို ထိန်းသိမ်းနိုင်ရန်၊ မျှတပြီး လွတ်လပ်လာသည်နှင့်အမျှ စာနယ်ဇင်းသမားများ၏အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်နိုင်ရန် ရည်ရွယ်ပါကြောင်း၊ တစ်ဖက်က ကာကွယ်စောင့်ရှောက်မှုပေးသကဲ့သို့ သတင်းသမားများအနေဖြင့် စာနယ်ဇင်း၏ (Code of Ethic) ကို နားလည်ပြီး တာဝန်သိသည့် အဖွဲ့အစည်းတစ်ခုဖြစ်လာရေး လေ့ကျင့်ပျိုးထောင်ပေးရန်လည်း လိုအပ်ပါကြောင်း၊ ယခုကဲ့သို့ သတင်းသမားများ တစ်ဦးနှင့်တစ်ဦး လက်ဆင့်ကမ်းပြီး တာဝန်သိ သတင်းသမားများ ဖြစ်လာကြမှသာ စာနယ်ဇင်းလောကသိက္ခာရှိပြီး တိုင်းပြည်နှင့် ပြည်သူ့အကျိုးကို မှန်ကန်စွာ သယ်ပိုးနိုင်မည်ဟုရည်ရွယ်၍ စိတ်တူကိုယ်တူ စာနယ်ဇင်းသမားများ စုပေါင်းဆောင်ရွက်ကြရန် ဆုံးဖြတ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ သတင်းသမားများ၏ (Freedom of Expression)အတွက်ရော (Protection of Journalist) အတွက်ပါ ရည်ရွယ်ပါကြောင်း၊ အဖွဲ့အစည်းပေါ်ပေါက်လာပါက သတင်းသမားများကို သင်တန်းများပို့ချပြီး တာဝန်သိမှုကို အထူးဦးစားပေး သင်ကြားလိုသည့် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းလိုခြင်း ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

မြန်မာစာနယ်ဇင်းကွန်ရက် (Myanmar Journalists Network)က ရှင်းလင်းတင်ပြရာ၌ ဦးဇော်ထိုက်က စတုတ္ထမဏ္ဍိုင်ဖြစ်သော မိမိတို့ပြည်တွင်း သတင်းသမားများတွင် လူငယ်များ အများစု ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပရော်ဖက်ရှင်နယ် ပီသရေး၊ အတတ်ပညာပိုင်း၊ အသိပညာပိုင်း၊ Ethic ပိုင်း အားနည်းချက်များရှိနေသည်ဟု နားလည်သဘောပေါက်ပြီး ယင်းလိုအပ်ချက်ကို ဖြည့်ဆည်းဆောင်ရွက်လိုသည့် ရည်ရွယ်ချက်ဖြင့် စတင်ဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း၊ သတင်းမီဒီယာလောကဖွံ့ဖြိုးလာခြင်းမှသည် စတုတ္ထမဏ္ဍိုင်၏အခန်းကဏ္ဍကို ပိုမိုထိရောက်စွာ ဆောင်ရွက်လာနိုင်ပြီး မြန်မာတစ်နိုင်ငံလုံး၏ အကျိုးကိုသယ်ပိုးနိုင်ရန် ရည်ရွယ်ပါကြောင်း၊ ပြီးခဲ့သည့် မေ ၂ ရက်က ပထမအကြိမ် အဖွဲ့ဝင်စုံညီ ညီလာခံကို ယုဇနဟိုတယ်၌ ကျင်းပခဲ့ပြီး ကွန်ရက်ဖွဲ့စည်းပုံ၏ အခြေခံကျောရိုးကို အားလုံးသဘောတူနိုင်ခဲ့ပါကြောင်း၊ မိမိတို့ကွန်ရက်၏ လုပ်ငန်းလုပ်ဆောင်ပုံမှာ မည်သည့်ဆောင်ရွက်ချက်ကိုမဆို ကော်မတီအပြင် အဖွဲ့ဝင်အားလုံး၏ဆုံးဖြတ်ချက်၊ သဘောတူညီချက်များရယူပြီး ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ တရားဝင် အဖွဲ့အစည်းအဖြစ် ရပ်တည်နိုင်ရန်နှင့် မူလရည်ရွယ်ထားသည့် ရည်ရွယ်ချက်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် ဦးစွာမှတ်ပုံတင်ရမည် ဖြစ်ပါကြောင်း၊ Press Council ဖွဲ့စည်းရေးကိုလည်း လွန်စွာစိတ်ဝင်စားပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

အဆိုပါ စာပေနှင့်စာနယ်ဇင်းအသင်းအဖွဲ့အသီးသီး ဖြစ်မြောက်ရေးကော်မတီများ၏ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက အခြားနိုင်ငံများ၏ အတွေ့အကြုံများ၊ မိမိတို့နိုင်ငံ၏ အတိတ်သမိုင်းဆိုင်ရာ အားသာချက်၊ အားနည်းချက်များ၊ လက်ရှိပကတိဖြစ်ပေါ်နေသည့် အခြေအနေမှန်များနှင့်ပေါင်းစပ်ပြီး ချင့်ချိန်ဆောင်ရွက်ကြမည်ဆိုပါက အသင့်မြတ်ဆုံး၊ အလျော်ကန်ဆုံးအဖြေကို ရရှိနိုင်ကြမည်ဖြစ်ပါကြောင်း၊ မိမိတို့ဘက်က လုပ်ဆောင်ပေးရန်ရှိသည်များကို ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် နိဂုံးချုပ် ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

၁။ စက်သုံးဆီသယ်ယာဉ် (Bowser) ဖြင့် စက်သုံးဆီများ သယ်ယူပို့ဆောင်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစိတ်ချရပြီး စနစ်တကျရှိစေရေးအတွက် ထုတ်ပြန်ထားသည့် တည်ဆဲရေနံအက်ဥပဒေ၊ နည်းဥပဒေများအရ အောက်ပါတို့ကို သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ဖော်ပြအပ်ပါသည်-

(က) စက်သုံးဆီသယ်ယာဉ်တွင် တည်ဆောက်တပ်ဆင်ထားသည့် ဝမ်းလောင်းတိုင်ကီ (Bowser Tank)၊ မီးကာသံပြား Shield များ၊ လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းများ၊ ဆီတင်ဆီချပိုက်များ၊ အဖွင့်အပိတ်ဘားများ၊ မီးသတ်ဆေးဘူးများ၊ လျှပ်စစ်မြေစိုက်ကြိုးနှင့် Exhaust Pipe စသည်တို့သည် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ဖြစ်ရမည်။

(ခ) Bowser Tank ကိုယ်ထည်၏ ဘေးဝဲယာနှစ်ဖက်နှင့် နောက်ဘက်တို့တွင် "မီးလောင်လွယ်သည်" "မီးသတိပြု" "လောင်စာဆီအမျိုးအစားနှင့် ဝင်ဆံ့ဂါလန်အရေအတွက်" နှင့် "ယာဉ်နံပါတ်"တို့ကို သိသာထင်ရှားစွာရေးသားထားရမည်။

(ဂ) ယာဉ်မောင်းသူ၏ လေကာမှန်အထက်နားတွင် "တစ်နာရီ မိုင် ၃၀ ထက် မပိုရ" စာတန်းအား ထင်ရှားစွာရေးသားထားရမည်။

(ဃ) ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိယာဉ်ဖြစ်ရမည်။

(င) စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်းတွင် သတ်မှတ်သက်တမ်းကာလအတိုင်း ယာဉ်စစ်ဆေးမှုကိုခံယူ၍ ဝင်ဆံ့ဂါလန်တိုင်းတာသတ်မှတ်ရန် ရေချိန်ဝင်ရမည်။

(စ) သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနတွင် သတ်မှတ်သက်တမ်းကာလအတိုင်း စက်သုံးဆီသယ်ယူခွင့် ပါမစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းများ ဆောင်ရွက်ရမည်။

၂။ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရေနံထွက်ပစ္စည်းများတင်သွင်းသိုလှောင်သယ်ယူ
ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ

နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

(၆၅)ကြိမ်မြောက် ကိန်းစ်ရုပ်ရှင်ပွဲတော်ဖွင့်လှစ်

ပါရီ မေ ၁၆

(၆၅)ကြိမ်မြောက် ကိန်းစ်ရုပ်ရှင်ပွဲတော်ကို မေ ၁၆ ရက် က စတင်ဖွင့်လှစ်လိုက်ပြီဖြစ်ပါတယ်။ **(အောက်ပုံ)** မေ ၁၆ ရက်မှ ၂၇ ရက်အထိ ကျင်းပမယ့် ကိန်းစ်ရုပ်ရှင်ပွဲတော်ကို နိုင်ငံတကာမှ ဒါရိုက်တာများ၊ ရုပ်ရှင်အနုပညာရှင်များနဲ့ ဖိတ်ကြားထားသူတွေ တက်ရောက်ခဲ့ကြပါတယ်။

ဒီရုပ်ရှင်ပွဲတော်ကို ပြင်သစ်နိုင်ငံ ပါရီမြို့မှာ ကျင်းပတာဖြစ်ပြီး ဖွင့်ပွဲမှာ ဒါရိုက်တာဝက်စ်အင်ဒါဆင်နဲ့ ဘီလ်မာရေးတို့ ရိုက်ကူးခဲ့တဲ့ Moonrise Kingdom ဇာတ်ကားနဲ့ ပြသဖွင့်လှစ်ခဲ့ပါတယ်။ အဲဒီဇာတ်ကားဟာ

၁၉၆၀ ခုနှစ် ဝန်းကျင်က လူငယ်စုံတွဲများရဲ့ အဖြစ်အပျက်ကို ဇာတ်လမ်းဖွဲ့ ရိုက်ကူးထားတာ ဖြစ်ပါတယ်။ ကိန်းစ် ရုပ်ရှင်ပွဲတော်ရဲ့ ပိတ်ပွဲအခမ်းအနားကိုတော့ Therese Desqueyroux ဇာတ်ကားနဲ့ပြသပြီး ရုပ်သိမ်းမှာဖြစ်ပါတယ်။

ကိန်းစ်ရုပ်ရှင်ပွဲတော်ရဲ့ အကဲဖြတ်ဒိုင် အဖွဲ့ကိုတော့ အီတလီနိုင်ငံမှ ရုပ်ရှင်ထုတ်လုပ်သူဖြစ်တဲ့ နစ်နီမိုရက်တီက ခေါင်းဆောင်မှာဖြစ်ပါတယ်။ ကိန်းစ်ရုပ်ရှင်ပွဲတော်မှာ နောက်ဆုံးဆန်ခါတင်ဇာတ်ကား ၂၂ ကားကို ရွေးချယ်ထားပြီး အဲဒီဇာတ်ကားတွေထဲကမှ ရွေးချယ်ပြီး ဆုတွေချီးမြှင့်မှာဖြစ်ပါတယ်။

အဲဒီရွေးချယ်ထားတဲ့ ဇာတ်ကားတွေထဲမှာ တောင်ကိုရီးယားရုပ်ရှင်နှစ်ကားဖြစ်တဲ့ In Another Country နဲ့ The Taste of Money ဇာတ်ကားတွေ ပါဝင်နေပါတယ်။ အဲဒီဇာတ်ကားတွေကို တောင်ကိုရီးယားဒါရိုက်တာ ဟောင်ဆန်ဆိုးနဲ့ အမ်ဆန်ဆိုးတို့ ရိုက်ကူးထားတာဖြစ်ပါတယ်။ ဒါ့အပြင် နောက်ဆုံးဆန်ခါတင်ရွေးချယ်ခံထားရတဲ့ ဇာတ်ကား ၂၂ ကားထဲမှာ In Love အမည်ရှိ ဂျပန်ဇာတ်ကားတစ်ကားလည်း ပါဝင်နေပါတယ်။ အဲဒီဇာတ်ကားကိုတော့ ဒါရိုက်တာ ကီရာရိုစတာမီက ရိုက်ကူးထားခြင်းဖြစ်ပါတယ်။

ကျန်တဲ့ရုပ်ရှင်ကားတွေကတော့ အမေရိကန်၊ ဗြိတိန်၊ ပြင်သစ်၊ ဒိန်းမတ်၊ မက္ကဆီကို၊ ဂျာမနီ၊ ဆွီဒင်၊ ဩစတြီးယား၊ ရုရှား၊ အီဂျစ်၊ နယ်သာလန်၊ ဘီလာရုစ်စတဲ့နိုင်ငံတွေက ရုပ်ရှင်ကားတွေဖြစ်ပါတယ်။ ဒါကြောင့် (၆၅)ကြိမ်မြောက် ကိန်းစ်ရုပ်ရှင်ပွဲတော်မှာ ဘယ်ရုပ်ရှင်ကားတွေ အကောင်းဆုံးဆု ဆွတ်ခူးသွားနိုင်မယ်ဆိုတာ စောင့်မျှော်ကြည့်ရှုရမှာဖြစ်ပါတယ်။ **(အင်တာနက်)**

ဗီယက်နမ်နိုင်ငံ၏ ဒုတိယမြောက်ဂြိုဟ်တုလွှတ်တင်

ဟန္နိုင်း မေ ၁၆

ဗီယက်နမ်နိုင်ငံ၏ ဒုတိယမြောက် ဆက်သွယ်ရေးဂြိုဟ်တုကို ပြင်သစ်နိုင်ငံ ဂိုင်ရာနာဒေသ ကူရူအမည်ရှိ ဥရောပအာကာသယာဉ်လွှတ်တင်ရေးစခန်းမှ မေ ၁၅ ရက် ဂရင်းနစ်စံတော်ချိန် ၂၂ နာရီ ၁၃ မိနစ်က လွှတ်တင်လိုက်ကြောင်း ဗီယက်နမ်အရာရှိများက မေ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

ဗီနာဆက်-၂ ဟုအမည်ပေးထားသော ၎င်းဂြိုဟ်တုကို အရီရာနေ-၅ ဒုံးပျံဖြင့် သယ်ဆောင်သွားခြင်းဖြစ်သည်။ အဆိုပါဂြိုဟ်တုသည် ဒုံးပစ်စင်မှလွှတ်တင်ပြီး ၃၅ မိနစ်ခန့်အကြာတွင် ဒုံးပျံမှခွဲထွက်ကာ ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ အလိုအလျောက် ထွက်ခွာသွားခဲ့သည်။ ဗီနာဆက်-၂ ဂြိုဟ်တုကို အောင်မြင်စွာလွှတ်တင်နိုင်ခြင်းသည် ဗီယက်နမ်နိုင်ငံအနေဖြင့် သတင်းအချက်အလက်နှင့်နည်းပညာနယ်ပယ်တွင် စွမ်းအားပြည့်ဝစွာ ဆောင်ရွက်နိုင်တော့မည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ပြီဖြစ်ကြောင်း ဗီယက်နမ်ဝန်ကြီးချုပ် ငုယင်တန်ဒန်က ပြောကြားသည်။

ဗီယက်နမ်နိုင်ငံသည် ဗီနာဆက်-၁ ဂြိုဟ်တုကို ၂၀၀၈ ခုနှစ်က အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သည်။ ဗီနာဆက်-၂ ဂြိုဟ်တုကို အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခန့် အကုန်အကျခံကာ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းဂြိုဟ်တုကို အမေရိကန်အခြေစိုက် လော့ခ်ဟိမာတင်ကုမ္ပဏီက တည်ဆောက်ပေးခဲ့ခြင်းဖြစ်သည်။ ဗီယက်နမ်နိုင်ငံတစ်ဝန်း အင်တာနက်ချိတ်ဆက်မှုလုပ်ငန်းများ၊ ရုပ်မြင်သံကြားထုတ်လွှင့်မှုများ၊ သတင်းဆက်သွယ်ရေးကွန်ရက်များ လျင်မြန်သွက်လက်လာမည်ဖြစ်သည်။ **(အင်တာနက်)**

ကင်ညာနိုင်ငံတစ်ဝန်း မိုးသည်းထန်စွာရွာသွန်း ပြည်သူ ၁၀၀၀၀၀ ကျော်ရေဘေးဒုက္ခကြုံတွေ့

နိုင်ရိုဘီ မေ ၁၆

ကင်ညာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမှုများဖြစ်ပွားရာ ဒေသခံပြည်သူ ၁၀၀၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်လျက်ရှိကြောင်း နိုင်ငံတကာလူသားချင်းစာနာထောက်ထားရေးအေဂျင်စီက မေ ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။

မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းနေမှုကြောင့် တာနာ၊ နန်ဒိုနှင့် ဇိုအီရာမြစ်များ မြစ်ရေလျှံတက်မှုဖြစ်ပွားပြီး ရေလွှမ်းမှုများ ဆက်လက်ဖြစ်ပေါ်နေခြင်းဖြစ်သည်။ **(ဝဲပုံ)** ရေဘေးဒုက္ခကြုံတွေ့နေသူများအား ကယ်ဆယ်ရေးအဖွဲ့များက စားနပ်ရိက္ခာများ ထောက်ပံ့ပေးလျက်ရှိသည်။ ကင်ညာနိုင်ငံတွင် ပြီးခဲ့သည့် မတ်လကတည်းက နေရာဒေသအချို့၌ မိုးသည်းထန်စွာရွာသွန်းမှုများရှိနေခဲ့ပြီး ယခုအခါ နေရာဒေသအများအပြားတွင် ဆက်တိုက်မိုးရွာသွန်းနေခြင်းဖြစ်သည်။ နိုင်ရိုဘီမြို့ဝန်းကျင်ဒေသတွင် ရေလွှမ်းမှုကြောင့် လူ ၅၀ ခန့် သေဆုံးခဲ့ရသည်။

ကင်ညာနိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနေဦးမည်ဖြစ်ကြောင်း မိုးလေဝသပညာရှင်များက ခန့်မှန်းထားရာ အရေးပေါ်သတိပေးချက်များ ထပ်မံထုတ်ပြန်ပေးထားကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၁၆-၅-၂၀၁၂

တင်မောင်လွှင် – စုစည်းသည်

နျူကလီးယားစက်ရုံအသစ်များတည်ဆောက်မှု ဘရာဇီးနိုင်ငံ ဆိုင်းငံ့ထားမည်ဟုဆို

ပြီးခဲ့သည့်နှစ်က ဂျပန်ဖူကူရှီးမားဘေးအန္တရာယ်ဖြစ်ပေါ်မှုကြောင့် ဘရာဇီးနိုင်ငံတွင် လာမည့်နှစ်များ၌ နျူကလီးယားဓာတ်အားပေးစက်ရုံအသစ်များ တည်ဆောက်မှုအစီအစဉ်ကို ဆိုင်းငံ့ထားဦးမည်ဖြစ်ကြောင်း ဘရာဇီးအရာရှိများက မေ ၁၃ရက်တွင် ပြောကြားသည်။ ယခင်ဘရာဇီးအစိုးရခေါင်းဆောင် သမ္မတ လူးဝစ်အင်နာဆီယိုလူလာဒါဆေးလ်ဗားက လာမည့် ၂၀၃၀ နှစ်များအတွင်း နျူကလီးယားဓာတ်အားပေးစက်ရုံအသစ်လေးလုံးမှ ရှစ်လုံးကြားတည်ဆောက်ရန်စီစဉ်ခဲ့ကြောင်း၊ သို့သော်လည်း ဘရာဇီးစွမ်းအင်ဝန်ကြီးဌာန၏အလုပ်အမှုဆောင် အတွင်းရေးမှူး မာဆီယိုကလာမည့် ၁၀ နှစ်အတွင်း နျူကလီးယားအဆောက်အအုံသစ်များတည်ဆောက်ရန် မလိုအပ်သေးကြောင်း ပြီးခဲ့သည့်သီတင်းပတ်အတွင်းက ပြုလုပ်သော ဆွေးနွေးပွဲတစ်ရပ်တွင် ပြောကြားခဲ့သည်။

ဘရာဇီးနျူကလီးယားဓာတ်အားပေးစက်ရုံတစ်ရုံ။

ယူကရိန်းနိုင်ငံ ကျောက်မီးသွေးမိုင်းတွင်း၌ ပေါက်ကွဲမှုဖြစ်ပွား

ယူကရိန်းနိုင်ငံအရှေ့ပိုင်း ဒိုးနက်ဒေသတွင် မေ ၁၅ ရက်က ကျောက်မီးသွေးမိုင်းတွင်းတစ်ခုအတွင်း၌ ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် မိုင်းတွင်းအလုပ်သမားတစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ယူကရိန်းအရေးပေါ်အခြေအနေဝန်ကြီးဌာနက မေ ၁၆ ရက်တွင် ပြောကြားသည်။ အဆိုပါပေါက်ကွဲမှုသည် ယင်းဒေသစံတော်ချိန် ညနေ ၅ နာရီ ၃၇ မိနစ်က ဒိုးနက်ဒေသရှိ ဂေးဗားကျောက်မီးသွေးမိုင်းတွင်း၌ ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ပေါက်ကွဲမှုဖြစ်ပွားချိန်တွင် ယင်းကျောက်မီးသွေးတွင်းရှိ မြေအောက်၌ မိုင်းတွင်းအလုပ်သမား စုစုပေါင်း ၁၂၆ ဦး အလုပ်လုပ်နေခြင်းဖြစ်သည်။ မိုင်းအလုပ်သမား ၁၂၃ ဦးအား လွတ်မြောက်ရန် စီစဉ်ပေးခဲ့ကြောင်း၊ ပေါက်ကွဲမှုကြောင့် မီးလောင်ပြီး ဓာတ်ငွေ့အဆိပ်မိသည့်ဒဏ်ရာရသူနှစ်ဦးကို ဆေးရုံသို့ တင်ပို့ပေးခဲ့ကြောင်း အဆိုပါဝန်ကြီးဌာနမှ ပြောကြားသည်။ ဖြစ်ပွားမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း၊ ပေါက်ကွဲမှုဖြစ်ပြီးနောက် မိုင်းတွင်းလုပ်ငန်းများကို ရပ်ဆိုင်းရန် အာဏာပိုင်များက အမိန့်ထုတ်ပြန်ထားကြောင်း အဆိုပါဝန်ကြီးဌာနက ဆက်လက်ပြောကြားသည်။ (အင်တာနက်)

အီရတ်အနောက်ပိုင်း ကားဗုံးခွဲတိုက်မှု ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၁၆

အီရတ်နိုင်ငံ အနောက်ပိုင်း အန်ဘာပြည်နယ်အတွင်း ရဲကင်းလှည့်စဉ် ကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားသည်။ **(ယာပုံ)**

ဒဏ်ရာရရှိ

ကင်းလှည့်လာသည့်ရဲတပ်ဖွဲ့ဝင်များအား ရာမာဒီမြို့လယ်၌ မေ ၁၄ ရက် နံနက်က ကားဗုံးခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း အီရတ်လုံခြုံရေးအရာရှိများက ပြောကြားသည်။ ကားဗုံးပေါက်သည့်အတွက် အနီးအနားမှ ဖြတ်သန်းသွားသူနှစ်ဦးလည်း ဒဏ်ရာရရှိသွားကြသည်ဟုဆိုသည်။

တွေ့ရ

ထိုအတောအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အရပ်သားများ ထိခိုက်ဒဏ်ရာရသေဆုံးသူဦးရေမှာ တစ်လထက်တစ်လများလာသည်ကိုတွေ့ရသည်ဆို၏။ မတ်လအတွင်းက အရပ်သား ၇၈ ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်၄၄ ဦး၊ ဧပြီလတွင် အရပ်သား ၈၁ ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၃၈ ဦး သေဆုံးခဲ့ကြောင်း တွေ့ရသည်။ **(အင်တာနက်)**

အာဖဂန်ရှိ နေတိုးတပ်ဖွဲ့ဝင်များ နယ်စပ်ကျော်၍ ပါကစ္စတန်နိုင်ငံအတွင်းပစ်ခတ်

အစ္စလမ္မာဘတ် မေ ၁၆

အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များက နယ်စပ်ကိုဖြတ်ကျော်ပြီး ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း မြောက်ဝါဇီရစ္စတန်လူမျိုးစုများနေထိုင်ရာဒေသကို စိန်ပြောင်းဖြင့် ရှစ်ချက်ပစ်ခတ်ခဲ့ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ခို့စ်ပြည်နယ်မှပစ်လိုက်သော စိန်ပြောင်းကျည်များသည် မေ ၁၄ ရက်ညက မီရန်ရှားဒေသအနီး ဂူလမ်စန်ကျေးရွာတွင် ကျရောက်ကြောင်း၊ သို့သော် ထိခိုက်ဒဏ်ရာရမှု၊ ပျက်စီးဆုံးရှုံးမှုမရှိဟု ကြားသိရကြောင်း ပါကစ္စတန်အရာရှိများက ပြောကြားသည်။ နယ်စပ်လုံခြုံရေး ပါကစ္စတန်တပ်ဖွဲ့ဝင်များကလည်း အမြောက်များ၊ စိန်ပြောင်းများဖြင့် တုံ့ပြန်ပစ်ခတ်ခဲ့သည်ဟု သိရသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်မြောက်ပိုင်းဗုံးခွဲမှု လူကိုးဦးသေဆုံး

ကဘူးလ် မေ ၁၆

အာဖဂန်နစ္စတန်နိုင်ငံမြောက်ပိုင်း ဖာယက်ပြည်နယ် ဈေးတစ်ဈေးတွင် ဗုံးပေါက်ကွဲခဲ့သဖြင့် အနည်းဆုံးပြည်သူကိုးဦးသေဆုံးခဲ့သည်။ **(ဝဲပုံ)**

ထင်မြင်ချက်ပေး

ဖာယက်ပြည်နယ် ဂိုမတ်ခရိုင်မှဈေးဆိုင်တစ်ဆိုင်အတွင်း၌ ဗုံးကို မေ ၁၅ ရက် နံနက်ပိုင်းက အဝေးထိန်းကိရိယာသုံးပြီး ဖောက်ခွဲခြင်းဖြစ်သည်ဟု အာဖဂန်နစ္စတန်ပြည်ထဲရေးဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြထားသည်။ သေဆုံးသူများတွင် ကာဂျစ်ပြည်နယ်ကောင်စီဝင် ရှာဟက်ဇိုင်ပါဝင်ကြောင်း သိရသည်။ အဆိုပါဗုံးခွဲတိုက်ခိုက်မှုနှင့်စပ်လျဉ်း၍ မည်သည့်အဖွဲ့အစည်း၊ အုပ်စုကမျှ သူတို့လက်ချက်ဖြစ်ကြောင်း ယခုအထိ မပြောကြားသော်လည်း တာလီဘန်တို့လက်ချက်ဖြစ်မည်ဟု အာဖဂန်အရာရှိများက ထင်မြင်ချက်ပေးကြသည်။ **(အင်တာနက်)**

မြန်မာ့အလင်း နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု နိုင်ငံတကာသတင်းမှတ်စု

တရုတ်-ဂျပန်-တောင်ကိုရီးယား သုံးနိုင်ငံ လွတ်လပ်စွာကုန်သွယ်ရေး ပြန်လည်ထူထောင်ရန်စတင်ကြိုးပမ်း

တိုး - ရေးသားသည်

ဥရောပကြွေးမြီပြဿနာကြောင့် ကမ္ဘာ့စီးပွားရေးအကျပ်ဘက်သို့ အပြောင်းအလှည့်နှင့် ရင်ဆိုင်ရသည့်အခါတွင် အာရှနိုင်ငံများဖြစ်ကြသည့် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့က လွတ်လပ်စွာ ကုန်သွယ်ရေးစာချုပ်နှင့် ပတ်သက်၍ စတင်ဆွေးနွေးညှိနှိုင်းရန် မေ ၁၃ ရက် (တနင်္ဂနွေနေ့)က သဘောတူညီလိုက်ကြပြီဖြစ်သည်။ တရုတ်နိုင်ငံ ပေကျင်းမြို့၌ မေ ၁၂ ရက်က စတင်သည့် သုံးပွင့်ဆိုင်ထိပ်သီးအစည်းအဝေးသို့ တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်၊ ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒနှင့် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်တို့ တက်ရောက်ကြပြီး အထက်ပါအတိုင်း သဘောတူညီလိုက်ကြခြင်း ဖြစ်သည်။

ခေါင်းဆောင် သုံးဦးတို့သည် သုံးပွင့်ဆိုင် ရင်းနှီးမြှုပ်နှံမှုစာချုပ်ကိုလည်း လက်မှတ်ရေးထိုးခဲ့ကြသည်။ ယင်းမှာ လွတ်လပ်စွာကုန်သွယ်ရေးဇုန် ထူထောင်ရန်လှေကားထစ်တစ်ခုအဖြစ်ဒေသတွင်း နိုင်ငံများက ရှုမြင်ကြသည်။

ပေါင်းစည်းမှု

လွတ်လပ်စွာ ကုန်သွယ်ရေးဇုန် ထူထောင်ခြင်းဖြင့် ဒေသတွင်းစီးပွားရေး သက်ဝင်လှုပ်ရှားမှုကို ဖွင့်ပေးလိုက်သလိုဖြစ်ပြီး အရှေ့အာရှ စီးပွားရေး ပေါင်းစည်းမှုကို ကောင်းမွန်စွာ မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က ပြောကြားသည်။

ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒက အာရှ-ပစိဖိတ်ဒေသကို ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးမှုဗဟိုအဖြစ် ထိန်းထားရန်မှာ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုပြုလုပ်ရန် မဖြစ်မနေ ကြိုးပမ်းရမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

သုံးနိုင်ငံ ကုန်သွယ်ရေးမှာ ၁၉၉၉ ခုနှစ်တွင် ဒေါ်လာဘီလီယံ ၁၃၀ သာရှိရာမှ ၂၀၁၁ ခုနှစ်တွင်မူ ဒေါ်လာဘီလီယံ ၆၉၀ အထိရောက်ရှိလာကြောင်း တရုတ်အစိုးရ၏အစီရင်ခံစာအရ သိရသည်။

ခေါင်းဆောင်သုံးဦးတို့သည် ဒေသတွင်းအငြင်းပွားမှုများနှင့် တင်းမာမှုများ လျှော့ပါးရေးအတွက် လက်တွဲဆောင်ရွက်ရန်လည်း မေ ၁၃ ရက်က သဘောတူခဲ့ကြသည်။

အမြင်ချင်းဖလှယ်

တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေး (၁၉၉၉-၂၀၁၂) ဟူသောခေါင်းစဉ်ဖြင့် စက္ကူဖြူစာတမ်းတစ်စောင်ကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၁၂ခုနှစ် မေ ၉ ရက်တွင် ထုတ်ပြန်လိုက်သည်။ သုံးနိုင်ငံ ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆောင်ရွက်ပုံ၊ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုတို့ကို ပြန်လည်သုံးသပ်ရန်နှင့် သုံးနိုင်ငံ ကျယ်ကျယ်ပြန့်ပြန့်ဆက်ဆံမည့် အလားအလာများအပေါ် မှန်းဆကြည့်နိုင်ရန် ထိုစက္ကူဖြူစာတမ်းက ဖော်ပြလျက်ရှိသည်။

အရှေ့အာရှ လွတ်လပ်စွာကုန်သွယ်ရေးဇုန် ဖော်ဆောင်ရေးနှင့် အရှေ့အာရှ စီးပွားရေး ဘက်စုံပေါင်းစည်းရေးအတွက် သုံးနိုင်ငံ ကြိုးပမ်းလျက်ရှိသည်ကို တွေ့ရသည်။

တရုတ်နိုင်ငံက ပေကျင်းမြို့၌ လာမည့်ရက်သတ္တပတ်တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် သုံးနိုင်ငံအကြား ပဉ္စမအကြိမ်မြောက် သုံးပွင့်ဆိုင်ထိပ်သီး အစည်းအဝေး အထိမ်းအမှတ်အဖြစ် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား ပူးပေါင်းဆောင်ရွက်ရေး (၁၉၉၉-၂၀၁၂)ဟူသော စက္ကူဖြူစာတမ်းကို တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက မေ ၉ ရက်တွင် ထုတ်ပြန်ခြင်းဖြစ်သည်ဟု သိရသည်။

သုံးပွင့်ဆိုင်ရင်းနှီးမြှုပ်နှံရေးသဘောတူညီချက်အတွက် သုံးနိုင်ငံသည် (၁၃) ကြိမ် စေ့စပ်ဆွေးနွေးအပြီး သဘောတူစာချုပ်၏ စာသားများနှင့် ပတ်သက်၍ သဘောတူညီမှုရရှိပြီဖြစ်ရာ စာချုပ်ကို မကြာမီ တရားဝင် လက်မှတ်ရေးထိုးမည်ဟု မျှော်မှန်းထားသည်။

သုံးနိုင်ငံသည် စီးပွားရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်နည်းပညာပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာအစည်းအဝေးများကိုလည်း ပြုလုပ်ခဲ့သည်။



တရုတ်-ဂျပန်-တောင်ကိုရီးယား သုံးနိုင်ငံတို့သည် အရှေ့မြောက်အာရှငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် အစွမ်းကုန် ကြိုးပမ်းလျက်ရှိသည့်အပြင် အာဖရိကတိုက်တွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးတိုးမြှင့်ရန်လည်း လက်တွဲဆောင်ရွက်ရန် အခိုင်အမာပြောဆိုခဲ့ကြသည်။

သုံးနိုင်ငံ၏ သက်ဆိုင်ရာဒေသများအကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့် နည်းပညာနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် အစိုးရ၊ စီးပွားရေး အုပ်စုများ၊ ကုမ္ပဏီများ၊ တက္ကသိုလ်များနှင့် သုတေသနသိပ္ပံများ ပါဝင်သည့် ဒေသခွဲ ပူးပေါင်းဆောင်ရွက်ရေးယန္တရား ကြိုးပမ်းလျက်ရှိသည့်အပြင် အာဖရိကတိုက်တွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးရေးတိုးမြှင့်ရန်လည်း လက်တွဲဆောင်ရွက်ရန် အခိုင်အမာ ပြောဆိုခဲ့ကြသည်။

အလားတူပင် သုံးနိုင်ငံသည် လက်တင်အမေရိကနှင့် ပူးပေါင်း

တောင်ကိုရီးယားသမ္မတ အီမြောင်ဘတ်၊ တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်နှင့် ဂျပန်ဝန်ကြီးချုပ် ယိုရှီဟီကိုနိုဒ။

ဆောင်ရွက်ရေးကိုလည်း တိုးမြှင့်ရန် ဆုံးဖြတ်ခဲ့ကြသည်။ ဤသုံးနိုင်ငံသည် ကုလသမဂ္ဂ၊ ဂျီ-၂၀ အုပ်စု၊ အေပက်နှင့် အခြားသော နိုင်ငံအဖွဲ့အစည်းများနှင့် ရင်းနှီးစွာ ဆက်သွယ်ပူးပေါင်းလျက် စီးပွားရေးနှင့် ငွေကြေးအကျပ်အတည်းကိစ္စ၊ ရိက္ခာနှင့်စွမ်းအင်ဖူလုံရေး၊ ရာသီဥတုပြောင်းလဲမှုနှင့် အခြားသော စိန်ခေါ်မှုများကို လက်တွဲဖြေရှင်းလျက်ရှိသည့်အပြင် ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးရေးအတွက် စဉ်ဆက်မပြတ်တရားမျှတစွာ ဆောင်ရွက်လျက်ရှိကြောင်း စာတမ်း၌ ဖော်ပြပါရှိပါကြောင်း။ ။ **ကိုးကား-အင်တာနက်**

တစ်ခုသာဖြစ်သည့် (၁၂)ကြိမ်မြောက် ပင်လယ်ဝါကမ်းခြေစီးပွားရေးနှင့် နည်းပညာညီလာခံကို ယခုနှစ် စက်တင်ဘာလတွင် တရုတ်နိုင်ငံ ကျန်စုပြည်နယ်၌ ကျင်းပမည်ဖြစ်သည်။

အင်ဂျင်နီယာကန်ထရိုက်လုပ်ငန်းနှင့် တကွ ဆက်နွှယ်သည့်နယ်ပယ်များတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရန် ဒုတိယအကြိမ် တရုတ်၊ ဂျပန်၊ တောင်ကိုရီးယား အင်ဂျင်နီယာ လုပ်ငန်းစားပွဲဝိုင်းဆွေးနွေးပွဲကိုလည်း ယခုနှစ်ကုန်ပိုင်းတွင်ပြုလုပ်မည်။ သုံးနိုင်ငံက အရှေ့မြောက်အာရှ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် အစွမ်းကုန်

မြန်မာ့အလင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

မင်းမျိုးမင်းနွယ်အဆက်ဆက်ပိုင်ဆိုင်ခဲ့သော တော်ဝင်စိန်ပွင့်ကြီးအား လေလံတင်ကြမ်းခင်းဈေးနှစ်ဆ အမေရိကန်ဒေါ်လာ ၉ ဒသမ ၇ သန်းဖြင့်ရောင်းချ

ဂျီနီဗာ မေ ၁၆

ကမ္ဘာပေါ်တွင် ရှေးအကျဆုံးနှင့် အထင်ရှားဆုံးဖြစ်သော တော်ဝင်စိန်ပွင့်ကြီး Beau Sancy ကို ဂျီနီဗာတွင် လေလံတင်ရောင်းချရာ ကြမ်းခင်းဈေး၏နှစ်ဆ အမေရိကန်ဒေါ်လာ ၉ ဒသမ ၇ သန်းဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

၁၉၁၀ ခုနှစ်တွင် ပြင်သစ်ဘုရင်မ မာရီဒယ်မေဒေးစီနန်းတက်ပွဲတွင် ဆင်မြန်းခဲ့သော ၃၅ ကရက်ရှိ ယခု တော်ဝင်နန်းထိုက် စိန်ရတနာအား နာမည်ထုတ်ဖော်ခြင်းမရှိသူတစ်ဦးက လေလံဆွဲဝယ်ယူသွားခဲ့ခြင်းဖြစ်သည်။

အလွန်တရာ ရှားပါးသည့် သစ်တော်သီးပုံ ယခု တော်ဝင်စိန်ပွင့်ကြီး **(အပေါ်ပုံ)** ဈေးကွက်သို့ရောက်ရှိလာခြင်းသည် အလွန်တန်ဖိုးရှိပြီး လေလံဆွဲကြရာတွင်လည်း သူ့ထက်ငါ အပြိုင်အဆိုင်ဈေးပေးခဲ့ကြရာ လေလံပွဲစည်ခဲ့ကြောင်း ဆော့ဘေးလေလံရုံးမှ ဒေးဗစ်ဘန်းနက်က ပြောကြားသည်။

တော်ဝင်မိသားစုများ၏ လက်ဝယ်မှ အခြားသူများလက်ဝယ်သို့ ရောက်သွားခဲ့ခြင်း မရှိဖူးသော Beau Sancy တော်ဝင်စိန်ပွင့်ကြီး၏ နောက်ကြောင်းဇာစ်မြစ်မှာလည်း အပြစ်အနာအဆာပြောစရာမရှိဘဲ ထင်ရှားသည့် ကျောက်မျက်ရတနာ သမိုင်းစာအုပ်တိုင်းတွင် မှတ်တမ်းတင်ဖော်ပြခံရသော တော်ဝင်စိန်ပွင့်ကြီးဖြစ်သည်။

ရောက်ရှိသွားခဲ့

သို့သော်လည်း ဘုရင်မ မာရီဒယ်မေဒေးစီနန်းတက်ပွဲတွင် ဝတ်ဆင်ခဲ့သည့် တော်ဝင်ထီးမျိုးနန်းနွယ်အရိုက်အရာ အဆက်ဆက်ပိုင်ဆိုင်ခဲ့သော ယခုစိန်ပွင့်ကြီးသည် လေလံပွဲ၌ အမည်မသိ လူတစ်ဦး၏ လက်ဝယ်သို့ ရောက်ရှိသွားခဲ့ပြီဖြစ်ကြောင်း၊ တော်ဝင်စိန်ပွင့်ကြီးအား ဝယ်ယူသူသည် ထီးမျိုးနန်းနွယ်မှဆင်းသက်သူ သို့မဟုတ် မင်းမျိုးမင်းနွယ်မဟုတ်သော သာမန်အရပ်သားတစ်ဦးဆိုသည်ကို မည်သူမျှသိရှိနိုင်ခြင်းမရှိကြောင်း သတင်းတွင်ဖော်ပြသည်။ **(အင်တာနက်)**

ဇော်ဦးခိုင်-ရေးသားသည်

ကြယ်တာရာနဂါးငွေ့တန်းအတွင်းသက်ရှိများရှင်သန်နိုင်သော လွင့်မျောဂြိုဟ် ဘီလီယံများစွာရှိဟု သိပ္ပံပညာရှင်များပြောကြား

လန်ဒန် မေ ၁၆

သက်ရှိများရှင်သန်နိုင်သည့် လွတ်လပ်စွာ လွင့်မျောနေသောဂြိုဟ်များသည် အာကာသ၊ ကြယ်တာရာနှင့်နဂါးငွေ့တန်းများကြား ဘီလီယံ ရာထောင်ချီတည်ရှိကြောင်း သုတေသနပြုချက်တစ်ရပ်က အဆိုပြုသည်။ **(ဝဲပုံ)**

အဆိုပါအတွေးအခေါ်အား ဘတ်ချ်ကင်ဟန်တက္ကသိုလ် နက္ခတ္တဇီဝသိပ္ပံဘာသာရပ်ပါမောက္ခဖြစ်သည့် ချန်ဒရာဦးဆောင်သော နိုင်ငံတကာနက္ခတ္တဗေဒပညာရှင်အဖွဲ့အစည်းက အဆိုပြုခဲ့ခြင်းဖြစ်သည်။

သက်ရှိများရှင်သန်နိုင်သော လွင့်မျောဂြိုဟ်ကြီးများသည် မဟာပေါက်ကွဲမှုကြီးပေါ်ပေါက်ပြီး နှစ်သန်းပေါင်းအနည်းငယ်အတွင်း စကြဝဠာအဦးအစ၌ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းတို့ကို နဂါးငွေ့တန်း၏ ပျောက်ဆုံးနေသော အစိုင်အခဲထုထည်များဟု ခေါ်တွင်ထားကြောင်း အာကာသသိပ္ပံဂျာနယ်တွင် ရေးသားဖော်ပြခဲ့သည်။ အချို့သော အာကာသသိပ္ပံပညာရှင်များ၏ ပြီးခဲ့သည့်အဆိုပြုချက်များအရမူ ယခုကဲ့သို့ သက်ရှိများရှင်သန်နိုင်သော လွင့်မျောဂြိုဟ်များသည် နဂါးငွေ့တန်းကြယ်စုများအတွင်း ဘီလီယံအနည်းငယ်ခန့်သာ ပါဝင်တည်ရှိနေသည်ဟု ခန့်မှန်းပြောဆိုထားကြသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံရှိ ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်း၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား

ပေကျင်း မေ ၁၆

တရုတ်နိုင်ငံ စင်ကျန်းယူဂါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အနောက်မြောက်ပိုင်းရှိ ကျောက်မီးသွေးမိုင်းတွင်းတစ်တွင်းတွင် မေ ၁၅ ရက်က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ ခြောက်ဦးသေဆုံးခဲ့ကြောင်း ဒေသဆိုင်ရာ အာဏာပိုင်များက မေ ၁၆ ရက်တွင် ပြောကြားသည်။ ***(ယာပုံ)***

ဖြစ်ပွားမှုမှာ ကူတန်မြို့တွင်းရှိ ဟောင်ရှန်းကျောက်မီးသွေးမိုင်းတွင်းတွင် ကျိကျန်းကျင်ကျန်းကုမ္ပဏီလီမိတက်မှ ဝန်ထမ်းခြောက်ဦးတို့ မိုင်းကျင်းထဲ၌ အလုပ်လုပ်ကိုင်လျက်ရှိစဉ် ညနေ ၆ နာရီခန့်၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်ကြောင်း ဒေသတွင်းထုတ်လုပ်ရေးနှင့် ဆောက်လုပ်ရေး ကော်ပိုရေးရှင်းများ ဘေးကင်းလုံခြုံမှုကြီးကြပ်ရေးဗျူရိုက သတင်းထုတ်ပြန်သည်။

ဖော်ပြ

ဓာတ်ငွေ့ပေါက်ကွဲရာမိုင်းတွင်းတွင် ကယ်ဆယ်ရေးလုပ်သားများက တစ်ညလုံးရှာဖွေကယ်ဆယ်မှုများဆောင်ရွက်ရာ နောက်တစ်နေ့ နံနက် ၃ နာရီ ၃၅ မိနစ်တွင် သေဆုံးဝန်ထမ်းခြောက်ဦး၏ရုပ်အလောင်းများကို ထုတ်ယူနိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင်ဖော်ပြသည်။

လိုင်စင်ရ အဆိုပါမိုင်းတွင်းပေါက်ကွဲမှုဖြစ်ပွားရသည့် အဓိကအကြောင်းရင်းကို စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း သတင်းတွင်ဆက်လက်ဖော်ပြသည်။ ***(အင်တာနက်)***

17-5 (05).pmd 1 5/17/2012, 1:38 AM

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၁၇

၂၀၁၂ခုနှစ် မေ ၁၇ ရက်တွင်ကျရောက်သည့် နော်ဝေးနိုင်ငံ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဂျိုးနက်စ်ဂါးစတိုးထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၅-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅ မင်းကွန်းဆရာတော်ကြီး၏ ဒီသာဖရဏာမေတ္တာပို့မွေ့ပူဇာတေး (တေးရေး-မောင်မောင်လတ် သီဆိုပူဇော်သည်)
၇း၃၀ နံနက်ခင်းသတင်း
၇း၄၀ သံသာချိုအေးမင်္ဂလာတေး
၇း၅၅ သက်ရှည်ကျန်းမာလေ့ကျင့်ပါ

ညပိုင်း

၄း၄၅ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (မြန်မာစာအထူးပြု) (မြန်မာစာ)
၆း၀၀ ညနေခင်းသတင်း
၆း၁၅ မိုးလေဝသအခြေအနေ
၆း၂၀ ပျော်ရွှင်စေသောနေ့ရက်များ **နှလုံးသားမှချစ်ပန်းချီ** (အပိုင်း-၈) ကျော်ကျော်ဗို၊ ရတနာဖြူဖြူအောင် (ဒါရိုက်တာ-အောင်ကျော်သူရ)
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်တို့ ကလေးမြို့နယ် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် ရေလှောင်တမံ ဘက်စုံစီမံကိန်းများစစ်ဆေး

နေပြည်တော် မေ ၁၆

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်တို့သည် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်၊မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တည်ဆောက်ရေးနှင့် ဒီဇိုင်းပညာရှင်များ၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ ပညာရှင်များ၊ နည်းပညာတက္ကသိုလ်များမှ ပညာရှင်များ၊ တာဝန်ရှိသူများလိုက်ပါလျက် မေ ၁၅ ရက် နံနက် ၉ နာရီတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း လုပ်ငန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းမှ တည်ဆောက်ရေးနှင့် ဒီဇိုင်းပညာရှင်များက ရေလှောင်တမံနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကတမံမှ ပညာရှင်များအား စားသောက်ဖွယ်ရာများနှင့် ဝတ်စုံများပေးအပ်သည်။

ပြည်ထောင်စုဝန်ကြီးများနှင့် အဖွဲ့သည် စံပြကျေးရွာ တည်ဆောက်နေမှုကိုလည်း ကြည့်ရှုကြသည်။

မွန်းလွဲ ၁၂ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က ပညာရှင်များအား သစ်သီးခြင်းများနှင့်ဝတ်စုံများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်းနှင့် ရာဇဂြိုဟ်ရေလှောင်တမံ ဘက်စုံစီမံကိန်းများမှာ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပြီးစီးရေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများဖြစ်ပြီး ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က စီမံကိန်းများအား ပြီးမြောက်အောင်မြင်သည်အထိ တက်ညီလက်ညီ ကျရာ အခန်းကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပထမ (၅)နှစ် စီမံကိန်းတွင် ကမ္ဘာလှည့်ခရီးသည် ၁ ဒသမ ၄ သန်း ရောက်ရှိရန်မျှော်မှန်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ စနစ်တကျဖွံ့ဖြိုးတိုးတက်ရေး သင်တန်းများဖွင့်

နေပြည်တော် မေ ၁၆

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေး(၄/၂၀၁၂)ကို ယနေ့မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် အဆိုပါ ဝန်ကြီးဌာန ကျောက်စိမ်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံခြားဧည့်သည် ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေး ကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွား လာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ကော်မတီဒုတိယဥက္ကဋ္ဌနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်၊ ကော်မတီအတွင်းရေးမှူးနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဌာနဆိုင်ရာနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း အဖွဲ့ (MTB)၊ မြန်မာနိုင်ငံ ဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းနှင့် မြန်မာနိုင်ငံ ဈေးကွက်မြှင့်တင်ရေး ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြည်တွင်းသတင်းမီဒီယာများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် လက်ရှိ အမျိုးသား စီမံကိန်းအရ ပထမ(၅)နှစ် စီမံကိန်း ၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၅-၂၀၁၆ ခုနှစ် စီမံကိန်းကာလကုန်ဆုံးလျှင် ကမ္ဘာလှည့် ခရီးသည်စုစုပေါင်း၁ ဒသမ ၄သန်း ရောက်ရှိရန် မျှော်မှန်းဆောင်ရွက်လျက်ရှိပြီး ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လမ်းညွှန်ချက် (၄)ရပ်ချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ စနစ်တကျ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သင်တန်းများ စဉ်ဆက်မပြတ် ဖွင့်လှစ်ပို့ချလျက်ရှိရာ ဝန်ဆောင်မှုကဏ္ဍ၌လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပြုစုပျိုးထောင်ရန်အတွက် ဝန်ကြီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ဟိုတယ်ဇုန်များ၌ ဝန်ဆောင်မှု သင်တန်းလေးမျိုးဖြစ်သော ဟိုတယ်ဧည့်ကြိုသင်တန်း၊ အိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်း၊ အစားအစာနှင့် အဖျော်ယမကာ ဧည့်ခံကျွေးမွေးရေးသင်တန်း၊ အစားအစာနှင့်အဖျော်ယမကာ ချက်ပြုတ်ရေးသင်တန်းများ ဖွင့်လှစ်လျက်ရှိကြောင်း။

ခရီးစဉ်ဒေသများ ဖွံ့ဖြိုးတိုးတက်စေရန် ပထမအဆင့်အနေဖြင့် မြန်မာနိုင်ငံ၏ အဓိကခရီးစဉ်ဒေသများဖြစ်သည့် ပုဂံဇုန်၊ ရန်ကုန်ဇုန်၊ မန္တလေးဇုန်၊ တောင်ကြီးဇုန် စနစ်တကျဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဇုန်အလိုက် နိုင်ငံခြားဧည့်သည်များ အဆင်ပြေစွာ ဝင်/ထွက် သွားလာနိုင်ရေး၊ လိုအပ်သည့် သတင်းအချက်အလက်များ စုံစမ်းရရှိနိုင်ရေး၊ ၎င်းတို့လည်ပတ်လိုသည့် နေရာများသို့ မော်တော်ယာဉ်၊ မြင်းလှည်း၊ စက်လှေများဖြင့် စနစ်တကျ ဈေးနှုန်းမှန်ကန်စွာ အဆင်ပြေပြေ ပို့ဆောင်ပေးနိုင်ရေး၊ ဟိုတယ်များ၏ အသွင်အပြင်နှင့် ဝန်ဆောင်မှု အဆင့်အတန်းမြှင့်မားတိုးတက်စေရေး၊ အခန်းအလုံအလောက်ဖြစ်ပေါ်ရေး၊ရှိရင်းပြကွက်များ သန့်ရှင်းသပ်ရပ်ပြီး ဆွဲဆောင်မှုရှိစေရေးအတွက် ထိန်းသိမ်းရေးနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ပြကွက်အသစ်များ ရှာဖွေဖော်ထုတ်ရေး စသည့်လုပ်ငန်းများကို စီမံချက်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက် ရှိကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် ငပလီ၊ ငွေဆောင်၊ မြောက်ဦး၊ ချောင်းသာ ဟိုတယ်ဇုန်များအတွက် ခရီးသွားလုပ်ငန်းတိုးတက်စေရန် လျှပ်စစ်မီးရရှိရေး၊ လမ်းများကောင်းမွန်ရေး၊ လေဆိပ်များ အဆင့်မြှင့်တင်ရေးတို့ကို သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံခြားသားများ လုံခြုံရေးအတွက် Tourist Police များ ဖွဲ့စည်းဆောင်ရွက်နိုင်ရန် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိပြီး "နိုင်ငံခြားသား ခရီးသွားဧည့်သည်များကို ကူညီပါ" ဆိုင်းဘုတ်များကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နိုင်ငံခြားသားများ သွားရောက်လည်ပတ်လျက်ရှိသော နေရာဒေသများတွင် စိုက်ထူထားပြီးလည်း ဖြစ်ကြောင်း။

ဟိုတယ်များ အဆင့်အတန်းမြင့်မားရေးအတွက် ကြယ်ပွင့်အဆင့်သတ်မှတ်ခြင်းကို ၂၀၁၁ ခုနှစ် ဇူလိုင်လမှစတင်၍ ဆောင်ရွက်ခဲ့ရာ ဟိုတယ်၇၄၄လုံး၊ အခန်း ၂၅၆၁၆ခန်း ရှိသည့်အနက် ဟိုတယ်၂၄၂ လုံး၊ အိပ်ခန်း၁၃၇၀၉ခန်းအား ကြယ်ပွင့်အဆင့်အတန်း သတ်မှတ်ပေးနိုင်ခဲ့ပါကြောင်း။

နိုင်ငံတကာအဆင့်မီ ဟိုတယ်စီမံကိန်းများ ဖော်ထုတ်ဆောင်ရွက်မည့်အခြေအနေနှင့် ပတ်သက်၍ လက်ရှိကာလတွင် ရန်ကုန်တိုင်းဒေသကြီး၌ ဟိုတယ်၁၉၀၊ အခန်းပေါင်း ၈၀၅၃ခန်း၊ မန္တလေးတိုင်းဒေသကြီး၌ ဟိုတယ်၇၆လုံး၊ အခန်းပေါင်း၃၂၇၀၊ ပုဂံဒေသ၌ ဟိုတယ် ၇၅လုံး၊ အခန်းပေါင်း ၂၀၇၆ ခန်း၊ တောင်ကြီး-အင်းလေးဒေသ၌ ဟိုတယ် ၅၉လုံး၊ အခန်းပေါင်း၁၄၈၀သာရှိသဖြင့် လက်ရှိတိုးတက် ဝင်ရောက်လာသော ဧည့်သည်အရေအတွက်အရ ဟိုတယ်များ ထပ်မံတိုးချဲ့တည်ဆောက်ရန် လိုအပ်လျက်ရှိနေသေးကြောင်း။

နိုင်ငံခြားဧည့်သည်နှင့် ကမ္ဘာလှည့်ခရီးသည်များ အဆင်ပြေလွယ်ကူစေရေးအတွက် အခြားနိုင်ငံများနည်းတူ Online System ဖြင့် E-visa စနစ်ကို စမ်းသပ်ဆောင်ရွက်နိုင်ရန်အတွက်လုပ်ငန်းဆောင်ရွက်မည့်အဖွဲ့အား နိုင်ငံခြားဧည့်သည်ဝင်ရောက်မှုအဆင်ပြေ လွယ်ကူရေး ကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန (သတင်းတပ်ဖွဲ့)၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနများဖြင့် ပူးပေါင်းဖွဲ့စည်းဆောင်ရွက်စေခဲ့ပြီး E-visa စနစ် ဆောင်ရွက်ရန် Myanmar Ease Net ကုမ္ပဏီကို တာဝန်ပေးအပ်ခဲ့ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် E-visa စနစ်စတင်စမ်းသပ်ဆောင်ရွက်ခွင့် ကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတော်သမ္မတရုံးသို့ နိုင်ငံခြားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်ရာတွင် လုံခြုံမှုအရ ကြိုတင်စစ်ဆေးကြည့်ရှုပြီးမှ ခွင့်ပြုပေးနိုင်သည့် အီလက်ထရွန်နစ်စနစ်အား အခြေခံသော ပြည်ဝင်ခွင့်ဗီဇာပုံစံ E-visa ကို စတင်စမ်းသပ်ဆောင်ရွက်သည့်အခါ ပထမအဆင့်ကမ္ဘာလှည့်ခရီးသည် ဗီဇာ၊ ဒုတိယအဆင့်လုပ်ငန်းဗီဇာ၊ တတိယအဆင့် လူမှုရေးဗီဇာ၊ စတုတ္ထအဆင့် အခြားဗီဇာဖြင့် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် E-Visa များအား အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်ညှိနှိုင်းဆောင်ရွက်ပေးပါရန်တင်ပြခဲ့ခြင်းအပေါ် Tourist Visa ကို အရင်စမ်းသပ်လုပ်ကိုင်ရန် ခွင့်ပြုချက်ရရှိခဲ့ပြီးလည်း ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက် သတင်းရယူကြသည့် ပြည်တွင်းသတင်းမီဒီယာများက နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေး ကော်မတီ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နေမှုများအပေါ် သိရှိလိုသည်များကို မေးမြန်းရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒုတိယဥက္ကဋ္ဌဒုတိယဝန်ကြီး ဦးဌေးအောင်နှင့် ကော်မတီအဖွဲ့ဝင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ တတိယမြောက် ဆက်ဆံရေးရုံးဖွင့်လှစ်

နေပြည်တော် မေ ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရအဖွဲ့နှင့် ငြိမ်းချမ်းရေးဆွေးနွေးပြီး အပစ်အခတ်ရပ်စဲထားသော တိုင်းရင်းသားအဖွဲ့များအနက်မှ ကရင်အမျိုးသားအစည်းအရုံး (KNU)ကဘုရားသုံးဆူ၌ တတိယမြောက်ဆက်ဆံရေးရုံး ဖွင့်လှစ်ခြင်း အခမ်းအနားကို မေ ၁၅ ရက် နံနက် ၉ နာရီတွင် ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် အဖွဲ့ဝင်များဖြစ်ကြသော ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မင်း၊ ကရင်အမျိုးသားအစည်းအရုံး(KNU)မှ ဗိုလ်ချုပ်စောမူတူးဆေးဖိုး၊ ပဒိုစောရောဂျာခင်၊ ပဒိုဒေးဗစ်ထော၊ ဗိုလ်မှူးချုပ်စောဆာမိ၊ ဗိုလ်မှူးချုပ်ဂျော်နီ၊ ဗိုလ်မှူးချုပ်ဒါးကျော်တို့ ဦးစီးပါဝင်သော KNU အဖွဲ့ဝင်များနှင့် နှစ်ဖက်ငြိမ်းချမ်းရေး အကျိုးတော်ဆောင်များ တက်ရောက်ခဲ့ကြသည်။ (ဝဲပုံ)

ထိုဆက်ဆံရေးရုံးများသည် နှစ်ဖက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးအတွက် ဆက်လက်လုပ်ဆောင်ရန် ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီဥက္ကဋ္ဌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း နိုင်ငံခြားဧည့်သည်ဝင်ရောက်မှု အဆင်ပြေလွယ်ကူရေးကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး(၄/၂၀၁၂)တွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အာဆီယံ သိပ္ပံနှင့်နည်းပညာကော်မတီ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားကျင်းပ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်း ဒေသ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်စေမည်ဖြစ်

နေပြည်တော် မေ ၁၆

(၆၃)ကြိမ်မြောက် အာဆီယံ သိပ္ပံနှင့်နည်းပညာကော်မတီ (Committee on Science and Technology) အစည်းအဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC) Delegates Listening Room ၌ ကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကိုကိုဦး၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ ဘရူနိုင်းနှင့် မလေးရှားနိုင်ငံတို့မှ ဒုတိယဝန်ကြီးများ၊ အာဆီယံနိုင်ငံများမှ ညီလာခံကိုယ်စားလှယ်များ၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ သိပ္ပံနည်းပညာနှင့် တီထွင်ဖန်တီးမှုတို့သည် ဒေသတွင်းဖွံ့ဖြိုးရေးနှင့် သာယာဝပြောရေးတို့တွင် အဓိကပါဝင်ကြသဖြင့် မြန်မာနိုင်ငံသည် အာဆီယံ သိပ္ပံနှင့်နည်းပညာကော်မတီနှင့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် သိပ္ပံနည်းပညာနှင့် တီထွင်ဖန်တီးမှုကဏ္ဍများ၌ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းမှုများကို မြှင့်တင်လျက်ရှိပါကြောင်း၊ အစည်းအဝေးမှ ဆွေးနွေးမှုများသည် Competitive, Sustainable နှင့် Inclusive ASEAN အတွက် အကျိုးရှိသော ရလဒ်များရရှိမည်ဟု ယုံကြည်ပါကြောင်း၊ ဆွေးနွေးဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းလာစေခြင်းသည် ဒေသ၏ တီထွင်ဖန်တီးမှုကိုလည်း မြှင့်တင်မည်ဖြစ်ပြီး ဒေသ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်စေမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ညပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က အစည်းအဝေးသို့ တက်ရောက်လာကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များအား မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC)၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ အစည်းအဝေးကို မေ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး သိပ္ပံနှင့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည့် ဘာသာရပ်ဆိုင်ရာ ဆပ်ကော်မတီ ရှစ်ခုနှင့် အကြံပေးပညာရှင် ဘုတ်အဖွဲ့ နှစ်ခုတို့နှင့် သက်ဆိုင်သည့် ဆက်စပ်အစည်းအဝေးများကို မေ ၁၄ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့ရာ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ် စုစုပေါင်း ၁၇၂ ဦး တက်ရောက်ဆွေးနွေးခဲ့ကြသည်။

မေ ၁၈ ရက်တွင် အာဆီယံ-တရုတ်၊ အာဆီယံ-အီးယူ၊ အာဆီယံ-ဂျပန်နှင့် အာဆီယံ-အမေရိကန်တို့၏ မျက်နှာစုံညီအစည်းအဝေးများ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့် (၆၃)ကြိမ်မြောက် အာဆီယံ သိပ္ပံနှင့် နည်းပညာကော်မတီ အစည်းအဝေး ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင် မစ္စတာဝမ်ဂန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၁၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးဗျူရိုအဖွဲ့ဝင်နှင့် တရုတ်အမျိုးသားကော်မတီ၏ ပြည်သူ့နိုင်ငံရေးအတိုင်ပင်ခံ ညီလာခံဒုတိယဥက္ကဋ္ဌ မစ္စတာဝမ်ဂန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ ဗဟိုအလုပ်အမှုဆောင် ဦးအောင်သိန်းလင်းနှင့် ဦးအောင်ထွန်း၊ ရန်ကုန်တိုင်းဒေသကြီး အတွင်းရေးမှူး ဦးအေးမြင့်နှင့် ပါတီဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ လီကျွင်းဟွာနှင့် သံရုံးမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ဒုတိယဝန်ကြီး ဦးတင့်လွင်အား ဖိလစ်ပိုင်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၁၆

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်အား ဖိလစ်ပိုင်သမ္မတနိုင်ငံ First Pacific Company မှ Executive Director Mr.Edward Tortorici ဦးဆောင်သော အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် မိုဘိုင်းကဏ္ဍများနှင့်ပတ်သက်၍ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် ဆက်သွယ်ရေးဆိုင်ရာ နည်းပညာများ ပူးပေါင်းတိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စများကို ဆွေးနွေးကြကြောင်းနှင့် ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်သက်၊ ရုံးအဖွဲ့မှူး ဦးစံရွှေအောင်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မှတ်သားဖွယ်ရာ မိုးရေချိန်များ ၁၆-၅-၂၀၁၂	
ဘီးလင်းမြို့	၁ ဒသမ ၂၂ လက်မ
လှိုင်ကော်မြို့	၁ ဒသမ ၀၂ လက်မ
ကော့ကရိတ်မြို့	၀ ဒသမ ၉၁ လက်မ

မြောက်ဥက္ကလာပမြို့နယ် စာရေးဆရာအသင်းဖွဲ့စည်း

ရန်ကုန် မေ ၁၆

မြောက်ဥက္ကလာပမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီအစည်းအဝေးကို မေ ၆ ရက်တွင် မယ်လမုဆုတောင်းပြည့် စေတီတော်ဝင်းအဘိဓမ္မာသင်တန်းခန်းမ၌ ကျင်းပရာ ဗဟိုစာရေးဆရာအသင်းဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ(စာပေဗဟိုဒုတိယဥက္ကဋ္ဌ-၁) ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်) တက်ရောက်သည်။

အခမ်းအနားတွင် အမှုဆောင်အသစ် ရွေးချယ်တင်မြှောက်ရာ (၁) ဦးကျော်ဟန်(မင်းရဲကျော်)ဥက္ကဋ္ဌ၊ (၂) ဦးသာဌေး (နီငြိမ်း-အညာတက္ကသိုလ်)ဒုဥက္ကဋ္ဌ၊ (၃) ဦးသိန်းဝင်း(သိန်းဝင်းဇော်) အတွင်းရေးမှူး၊ (၄)ဦးမြင့်ဆွေ(မောင်မြတ်မွန်-ဆူးလေ)တွဲဖက်အတွင်းရေးမှူး၊ (၅) ဒေါ်ဥမ္မာမြိုင်(ဥမ္မာမြိုင်) ဘဏ္ဍာရေးမှူး၊ (၆) ဒေါ်ခင်ခင်မှုံ (ခင်ခင်-ဥက္ကလာ)၊ (၇) ဦးလှမြင့် (နုချော-ဥက္ကလာ)၊ ဦးမြင့် (ကျိုက်လတ်မိုးမြင့်)နှင့် ဦးဟန်စိန် (တက္ကသိုလ်- ဟန်စိန်)တို့အား အမှုဆောင်များအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**

ကျေးဇူးကြီးလှ မိနှင့်ဖ ဝတ္ထုတိုပြိုင်ပွဲဆုရသူများစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၁၆

အောင်စည်းဖိမ်ကျောက်မျက်ကုမ္ပဏီပိုင်ရှင် ဦးအောင်ကြီးနှင့် ဒေါ်နန်းတိုးတိုးရွှေတို့က ကျင်းပခဲ့သော ကျေးဇူးကြီးလှ မိနှင့်ဖ ဝတ္ထုတိုပြိုင်ပွဲဆုရရှိသူများအား ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါပြိုင်ပွဲတွင် ပထမဆုကို အဲမွန်တာရာ၏ "ပြည်သာယာမယ်နုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်" ဝတ္ထုကရရှိပြီး ဒုတိယဆုကို တွင်းကြီးသားတင်ဝင်းဦး၏ "သမုဒယမော်ကွန်းတွင်စေသတည်း"၊ တတိယဆုကို ထွန်းတောက်ကြယ်စင်၏ "ကျေးဇူးကြီးလှ မိနှင့်ဖ" ဝတ္ထုတို့က အသီးသီးရရှိကြသည်။

အထူးဆု(၁)အဖြစ် ကုမုဒြာ၏ "လမင်းကိုနမ်းပါလှည့်"၊ အထူးဆု(၂)ကို မမြအိမ်၏ "မြစ်ဖျားနေခြည် ရွှေရည်မြစ်ခြေ" ဝတ္ထုတို့ကရရှိသည်။

ဆုချီးမြှင့်ပွဲအခမ်းအနားကို မေ ၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် မြန်မာနိုင်ငံ စာရေးဆရာအသင်းဖြစ်မြောက်ရေးကော်မတီရုံးအစည်းအဝေးခန်းမ စာပေဗိမာန်အဆောက်အအုံ၌ကျင်းပမည်ဖြစ်သဖြင့် ဆုရရှိသူများ မြန်မာနိုင်ငံစာနယ်ဇင်းအဖွဲ့ရုံး၊ စာပေဗိမာန်အဆောက်အအုံသို့ ဆက်သွယ်ကြရန် အသိပေးထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဓာတ်ဆီဖြည့်မှုသတိပြု

ပူပြင်းသော ရာသီကာလ နေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတုပူပြင်းချိန်တွင် ပလတ်စတစ်ပုံး၊ ပလတ်စတစ်ပိုက်တို့ဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မြန်မာ့အလင်း ပြည်တွင်းအားကစား

TOURNAMENT ORGANIZATION COURSE FOR TABLE TENNIS 2012 သင်တန်းဖွင့်

ရန်ကုန် မေ ၁၆

အားကစားဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာန အပြည်ပြည်ဆိုင်ရာ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံစားပွဲတင်တင်းနစ်အဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ဖွင့်လှစ်သည့် TOURNAMENT ORGANIZATION COURSE FOR TABLE TENNIS 2012 သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ရန်ကုန်မြို့ တာမွေမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာန (ကျိုက္ကဆံအားကစားကွင်း) ပြည်ထောင်စုခန်းမ၌ကျင်းပရာ အခမ်းအနားသို့ ကာကွယ်ရေးဝန်ကြီးဌာန တပ်မတော်စားပွဲတင်တင်းနစ်ကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်စိန်လင်း၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးသောင်းထိုက် **(အပေါ်ပုံ)**က သင်တန်းဖွင့်အမှာစကား ပြောကြားပြီး အရှေ့တောင်အာရှ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် (ATTU) အတွင်းရေးမှူး Mr. Chang Foong Keong က ကျေးဇူးတင်စကား ပြောကြားသည်။

သင်တန်းသို့ပညာရေးဝန်ကြီးဌာနမှ ၁၄ ဦး၊ အားကစားဝန်ကြီးဌာနမှ ငါးဦး၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ၁၂ ဦး၊ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ်မှ ၁၄ ဦးနှင့် ပြင်ပဝါသနာရှင် ၁၅ ဦး စုစုပေါင်း သင်တန်းသား သင်တန်းသူ ၆၀ တက်ရောက်လျက်ရှိပြီး မေ ၂၁ ရက်အထိ စာတွေ့၊လက်တွေ့များဖြင့် သင်တန်းပို့ချသွားမည်ဖြစ်ကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

RMGCC 3rd Anniversary Charity ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၁၆

Royal Mingalardon Golf & Country Club က ကြီးမှူးကျင်းပသော RMGCC 3rd Anniversary Charity ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၂၆ ရက်တွင် အဆိုပါဂေါက်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ပေးအပ်ချီးမြှင့်

ယခုပြိုင်ပွဲ၌ ပြိုင်ပွဲဝင်ကြေးမှရရှိသောငွေများကို မိဘမဲ့ကလေးများ စောင့်ရှောက်ရေးအသင်းအဖွဲ့များသို့ လှူဒါန်းသွားရန်အတွက် ရည်ရွယ်၍ကျင်းပခြင်းဖြစ်သောကြောင့် ဂေါက်သီးရိုက်အားကစားသမားမည်သူမဆို ပြိုင်ပွဲဝင်ကြေးဖြင့် ပါဝင်ယှဉ်ပြိုင်နိုင်သည်။ ယင်းပြိုင်ပွဲကို System 36 ဖြင့် အတန်းနှစ်တန်းခွဲကာ ကျင်းပမည်ဖြစ်ပြီး အနိုင်ရရှိသူများအား အဖိုးတန်ဆုပစ္စည်းများ ပေးအပ်ချီးမြှင့်မည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲနှင့်စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၆၃၉၄၄၅-၇၊ ၀၁-၆၃၉၄၃၅-၉နှင့် Hot Line ဖုန်း-၀၉-၈၆၃၆၃၉၅တို့သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

စတုတ္ထမဏ္ဍိုင်ကို ကျင့်ဝတ်နှင့်အညီ လွတ်လပ်မှုနှင့် တာဝန်ယူမှုရှိသော၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားရှိသော မဏ္ဍိုင်တစ်ခုဖြစ်လာရေး ဖြေလျှော့မှုများပြုလုပ်ပေးပြီး အားပေးလျက်ရှိ

ရန်ကုန် မေ ၁၆

၂၀၁၁ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု၊ ပညာရည်ချွန်ဆုနှင့် ပခုက္ကူစာကြည့်တိုက် စာအုပ်ဆု ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ချက်ထရီယမ်ဟိုတယ်၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုများချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ ပြန်ကြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ကော်မတီ၊ ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ၊ ပခုက္ကူဦးအုံးဖေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့နှင့် ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီများမှ တာဝန်ရှိသူများ၊ ဆုရရှိကြသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အဖွင့်အမှာစကား ပြောကြားရာ၌ ပခုက္ကူ ဦးအုံးဖေတည်ထောင်သော စာပေဆုချီးမြှင့်ပွဲကို စတင်ကျင်းပသည့် အချိန်ကစပြီး ပခုက္ကူနှင့် ရန်ကုန်တွင် တစ်လှည့်စီ ကျင်းပရန်စီစဉ်ထားခဲ့ကြောင်း။

ယခု ၂၀၁၁ ခုနှစ်အတွက် အလှည့်ကျဖြစ်သည့် ရန်ကုန်မြို့၌ကျင်းပရခြင်းဖြစ်ပါကြောင်း၊ “ပခုက္ကူဦးအုံးဖေစာပေဆု” မှ “ပခုက္ကူ ဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု” ဟု ယခင်နှစ်ကစ၍ စတင်ပြောင်းလဲ သတ်မှတ်လိုက်ပြီးနောက်ပိုင်း စာပေဆုရန်ပုံငွေ တိုးပွားရေးအတွက် ပံ့ပိုးကူညီကြသည့်၊ အလှူငွေလှူဒါန်းကြသည့် ပုဂ္ဂိုလ်များ၊ ပခုက္ကူမြို့မှ စေတနာရှင်များကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း။

တစ်ဆက်တည်း ပြောကြားလိုသည်မှာ ပြန်ကြားရေးဝန်ကြီးဌာနက နှစ်စဉ် ချီးမြှင့်နေသည့် အမျိုးသားစာပေဆုနှင့် စာပေဗိမာန်စာမူဆုများအပြင် စာပေလောကဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေလောကသားများဘဝ တိုးတက်ရေးကို ရှေးရှုပြီး အခြားပုဂ္ဂလိက စာပေဆုများဖြစ်သော ဆရာဝန်တင်ရွှေစာပေဆု၊ သုတစွယ်စုံ စာပေဆု၊ ထွန်းဖောင်ဒေးရှင်း စာပေဆု စသည်ဖြင့် ချီးမြှင့်ပေးလျက်ရှိကြောင်း၊ ယခုနှစ်အတွင်း ထပ်မံချီးမြှင့်နိုင်ခဲ့သည် ဆုအမျိုးအစားတစ်ခုမှာ မီဒီယာလောကသားများအတွက် အားတက်ဝမ်းမြောက်ဂုဏ်ယူစရာဖြစ်သည့် “အမျိုးသား သတင်းဆု”ပင် ဖြစ်ကြောင်း။

ပြီးခဲ့သည့် (၂၉-၁၂-၂၀၁၁)ရက်က ကျင်းပခဲ့သည့် အမျိုးသားစာပေဆုနှင်း သဘင်ပွဲတွင် တစ်နှစ်တာအတွင်း ထွက်ရှိသည့် မြန်မာစာပေနှင့် ရေးသားထုတ်ဝေသော စာအုပ်များအပြင် မြန်မာ့သမိုင်း၊ မြန်မာ့ယဉ်ကျေးမှုနှင့် မြန်မာ့အနုပညာကို ကမ္ဘာကသိအောင် ဖော်ထုတ်တင်ပြသည့် အင်္ဂလိပ်ဘာသာဖြင့်ရေးသားသော စာအုပ်ကိုပါ ရွေးချယ်ဆုချီးမြှင့်နိုင်ခဲ့ကြောင်း၊ စာပေဗိမာန်စာမူဆုမှာလည်း ယခုနှစ်က စပြီး အင်္ဂလိပ်ဘာသာဖြင့် ပြုစုရေးသား ပေးပို့ယှဉ်ပြိုင်သည့်စာမူဆုကို စိစစ်ရွေးချယ် ဆုပေးနိုင်တော့မည်ဖြစ်ကြောင်း။

လက်တွဲဆောင်ရွက်

မျက်မှောက်ကာလသည် မြန်မာနိုင်ငံတော်ကြီးကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ် ကြိုးပမ်းတည်ဆောက်နေသည့် အချိန်အခါဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ပခုံးချင်းယှဉ် ရင်ပေါင်တန်းနိုင်ရန် ခေတ်မီဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်နေသည်ကိုလည်း အားလုံး အသိပင်ဖြစ်ကြောင်း၊ တစ်ဖက်တွင်လည်း ပြည်သူများအတွက် အသိပညာဖွံ့ဖြိုးတိုးတက်ရန်နှင့် အတွေးအခေါ် ခံယူချက်များ၊ ယုံကြည်ယူဆချက်များ မှန်ကန်အောင်၊ အမျိုးသား အကျိုးစီးပွားတိုးတက်ခိုင်မာအောင် အမျိုးသားရေးကိုရှေးရှုသည့် စာပေများ များစွာ ပေါ်ထွက်လာရန်လိုကြောင်း၊ ယင်းသို့ ပေါ်ထွက်လာရန်အတွက် စာပေပညာရှင်များ၊ စာပေဝါသနာရှင်များနှင့် စာပေစေတနာရှင်များ၏အားဖြင့် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

၂၀၁၁ ခုနှစ် မတ် ၃၀ ရက်နေ့တွင် တပ်မတော်အုပ်ချုပ်သည့်စနစ်မှ ဒီမိုကရေစီစနစ်ဖြင့် ပြည်သူအများက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များက တိုင်းရေးပြည်ရာများကို ပြည်သူများကိုယ်စား စီမံခန့်ခွဲသောစနစ်သို့ ညင်သာစွာ ကူးပြောင်းနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့အတူ စတုတ္ထမဏ္ဍိုင်ကိုလည်း ကျင့်ဝတ်နှင့်အညီ လွတ်လပ်မှုနှင့် တာဝန်ယူမှုရှိသော၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရား ရှိသော မဏ္ဍိုင်တစ်ခုဖြစ်လာရေး ဖြေလျှော့မှုများပြုလုပ်ပေးပြီး အားပေးဆောင်ရွက်လျက်ရှိကြောင်း။

၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် သမ္မတကြီး ဦးသိန်းစိန်က အစိုးရအဖွဲ့၏ မူဝါဒဆိုင်ရာမိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ရာတွင်လည်း စတုတ္ထမဏ္ဍိုင် သတင်းမီဒီယာနှင့်ပတ်သက်ပြီး “စတုတ္ထမဏ္ဍိုင်ဖြစ်သည့် စာနယ်ဇင်းများ၏ အခန်းကဏ္ဍကို အလေးထားရန်လိုကြောင်း၊ စာနယ်ဇင်းများကတစ်ဆင့် ပြည်သူများသိသင့်သည့်အချက်များကို အသိပေးသွားရန်လိုသကဲ့သို့ စာနယ်ဇင်းများက အပြုသဘောဆောင် အကြံပြုချက်များကိုလည်း အလေးထားဖို့လိုကြောင်း” မိန့်ကြားသွားခဲ့ကြောင်း၊ ထိုသည်မှာ နိုင်ငံတော်အစိုးရ၏ သတင်းမီဒီယာများအပေါ် ထားရှိသည့် ရပ်တည်ချက်သဘောထားပင် ဖြစ်ကြောင်း။

လိုက်နာစောင့်ထိန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄ အပိုဒ်ခွဲ(က)အရ နိုင်ငံသားတိုင်းသည် နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရားအကျိုးငှာ ပြဋ္ဌာန်းထားသည့်ဥပဒေများနှင့် မဆန့်ကျင်လျှင် မိမိ၏ယုံကြည်ချက်၊ ထင်မြင်ယူဆချက်များကို လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်ရှိကြရမည်ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် သတင်းနှင့် စာနယ်ဇင်းဆရာများ၊ ဂျာနယ်လစ်များသည် လွတ်လပ်စွာဖော်ထုတ်ခွင့် (Freedom of Expression) ကို ရရှိကြမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဥပဒေနှင့်အညီ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ရှိလာကြသည့် ဂျာနယ်လစ်များကလည်း စာနယ်ဇင်းကျင့်ဝတ်ဟုခေါ်သည့် (Code of Ethics)ကို တိကျစွာလိုက်နာစောင့်ထိန်းကြရန် လိုအပ်မည်ဖြစ်ကြောင်း၊ လွတ်လပ်မှုကို ကျင့်ဝတ်မြှင့်တင်ထိန်းသိမ်းခြင်းဖြင့် စောင့်ရှောက်သွားကြရမည် ဖြစ်ကြောင်း။

ထို့ကြောင့် စာပေလောကသားများအနေဖြင့် မိမိတို့ ကိုင်စွဲနေသည့် စစ်မှန်သော စတုတ္ထမဏ္ဍိုင်အဖြစ် ဆောင်ရွက်နိုင်ရေးအတွက် (၁)ဘက်မလိုက်ရန်၊ (၂)ပြဿနာတစ်ရပ်၊ အကြောင်းအရာတစ်ရပ်ကို ရေးသားဖော်ပြသည့်အခါ ရှုထောင့်တစ်ခုတည်းက ရေးသားခြင်းမပြုဘဲ ဘက်စုံထောင့်စုံ ရှုထောင့်စုံကရေးသား ဖော်ပြရန်၊ (၃)ယင်းသို့ ရေးသားဖော်ပြသည့်အခါ လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားကို ယှဉ်တွဲကျင့်သုံးရန်၊ (၄)ဒီမိုကရေစီသဘောအရ လွတ်လပ်စွာ တွေးခေါ်ခွင့်၊ လွတ်လပ်စွာပြောဆိုခွင့်၊ လွတ်လပ်စွာရေးသားခွင့်နှင့် လွတ်လပ်စွာ သဘောထား ကွဲပြားခွင့်ရှိကြမည် ဖြစ်ကြောင်း၊ ယင်းသို့ လွတ်လပ်စွာ တွေးခေါ်၊ လွတ်လပ်စွာ ရေးသား၊ လွတ်လပ်စွာ ပြောဆို၊ လွတ်လပ်စွာသဘောထား ကွဲပြားခွင့်ကြားက တိုင်းပြည်နှင့်လူမျိုးအကျိုးကို ဖော်ဆောင်နိုင်ရန် ညီညွတ်မှုကို ဦးတည်ကြရမည်ဖြစ်ကြောင်း၊ Unity in Democracy ကို တည်ဆောက်ကြရမည်ဖြစ်ကြောင်း၊ (၅) ယင်းသို့ တည်ဆောက်ကြရာတွင် ဘုံရပ်တည်ချက်အဖြစ် အမျိုးသားရေးကို အခြေခံရမည်ဖြစ်ကြောင်း။

ယခုဆိုလျှင် မိမိတို့နိုင်ငံ၏ သတင်းမီဒီယာကဏ္ဍ တိုးတက်ပြောင်းလဲလျက်ရှိကြောင်း၊ သတင်းလွတ်လပ်ခွင့်များကိုလည်း တစ်ဆင့်ချင်း တိုးတက်ခွင့်ပြုပေးလျက်ရှိကြောင်း၊ မကြာခင်ကာလတွင် အများလိုလားတောင့်တလျက်ရှိသည့်

ပခုက္ကူဦးအုံးဖေစာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဆွေ ၂၀၁၁ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေစာကြည့်တိုက် စာအုပ်ဆုချီးမြှင့်ခံရသော “ဒီမိုကရေစီနိုင်ငံနှင့်စတုတ္ထမဏ္ဍိုင်” စာအုပ်ရေးသားသူ ခင်မောင်မြင့်စစ်ကိုင်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

စာနယ်ဇင်းကောင်စီ (Press Council) ဖွဲ့စည်းပေါ်ပေါက်လာတော့မည် ဖြစ်ကြောင်း၊ ယင်းသို့ ဖွဲ့စည်းပေါ်ပေါက်လာသည့်အခါတွင် စာနယ်ဇင်းလောကသားများ၏ စာပေရေးသားဆောင်ရွက်မှုကို စာနယ်ဇင်းကောင်စီက စာနယ်ဇင်း ကျင့်ဝတ်နှင့်အညီ ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ကူးပြောင်းရောက်ရှိ

ထို့အပြင် မီဒီယာဆိုင်ရာ ဥပဒေများလည်း မကြာမီ ပြဋ္ဌာန်းပေးလာနိုင်တော့မည် ဖြစ်ကြောင်း၊ ထို့ကြောင့် သတင်းမီဒီယာလောကသားများ မျှော်လင့်ထားသည့် ဒီမိုကရေစီစနစ်နှင့် လိုက်လျောညီထွေဖြစ်သည့် လွတ်လပ်မျှတပြီး ကျင့်ဝတ်နှင့်ညီသော သတင်းမီဒီယာခေတ်သစ်ကို ကူးပြောင်းရောက်ရှိတော့မည်ဖြစ်ကြောင်း။

ယနေ့အချိန်အခါကဲ့သို့ အဘက်ဘက်က တိုးတက်အောင် လုပ်ဆောင်နေသည့်အချိန်မျိုးတွင် နိုင်ငံတကာနှင့် တန်းတူရည်တူ ပခုံးချင်းယှဉ်နိုင်အောင် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန်၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်၊ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မြင့်မားစေရန် ဘက်စုံအားထုတ်ကြိုးပမ်းကြရာတွင် ပြည်သူများအတွက် နည်းပညာအသိပညာဖွံ့ဖြိုးတိုးတက်စေရန် စိတ်ဓာတ်မြင့်မားစေရေး၊ ပညာပေးအလင်းပြ အမျိုးသားရေးအနှစ်သာရ ပြည့်ဝသည့် တိုင်းကျိုးပြည်ပြုစာပေများ ရေးသားပြုစုရေးသည် ယနေ့ စာပေပညာရှင်များ၏ လက်ငင်းတာဝန်အဖြစ် ခံယူကြရမည်ဖြစ်ကြောင်း။

ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများကို ၁၉၉၃ ခုနှစ်က စပြီး ရွေးချယ် ချီးမြှင့်ခဲ့သည်မှာ ယခုဆိုလျှင် (၁၉)ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ကြောင်း၊ ယင်း ၁၉ နှစ်အတွင်း ယှဉ်ပြိုင်သည့် ဘာသာရပ်ငါးမျိုး၌ ဆုဆွတ်ခူးနိုင်သူဦးရေလည်း ၂၂၅ ဦးရှိခဲ့ပြီ ဖြစ်ကြောင်း၊ ပခုက္ကူဦးအုံးဖေ စာမူဆုရပြီးနောက် စာအုပ်အဖြစ် စာဖတ်သူတို့ လက်ထဲကိုရောက်အောင် စာပေဗိမာန်က နှစ်အလိုက် ပုံနှိပ်ထုတ်ဝေနေကြောင်း။

ထို့အပြင်လည်း ပခုက္ကူစာပေဆုများ၌ အကျုံးဝင်ပြီး ထူးခြားသည့် ဆုတစ်ခုမှာ စာပေလုပ်ငန်းအပေါ် အာရုံပြုပြီး နှစ်ပေါင်းများစွာ တစ်ဆက်တစ်စပ်တည်း ရေးသားလာခဲ့သည့် စာပေပညာရှင်ကြီးအတွက် ပခုက္ကူဦးအုံးဖေ “ တစ်သက်တာစာပေဆု”ဟု တီထွင်ချီးမြှင့်ထားခြင်းဖြစ်ကြောင်း၊ ယခုနှစ်အပါအဝင် စာပေပညာရှင်ကြီး ၂၂ ဦး အထိကို ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုဖြင့် အသိအမှတ်ပြု ချီးမြှင့်နိုင်ခဲ့ပြီ ဖြစ်ကြောင်း။

စိစစ်ရွေးချယ်

ထို့အတူ တက္ကသိုလ်ဝင်တန်း၌ မြန်မာစာထူးချွန်သူ လေးဦး၊ ယဉ်ကျေးမှုတက္ကသိုလ်မှ ထူးချွန်သည့် ပညာသင်ဆုရသူနှစ်ဦး၊ ပညာရေးဘာသာရပ် ငါးမျိုး၌ နှစ်စဉ်အမှတ်အများဆုံးဖြင့် ဘာသာရပ်အလိုက် ထူးချွန်သူများကို ချီးမြှင့်ခဲ့သည့် ကျောင်းသား ကျောင်းသူ ၁၅ ဦးတို့လည်း ဆုလက်ခံကြရမည်ဖြစ်ကြောင်း၊ ယင်းဆုများကို ပညာရေးဝန်ကြီးဌာန ပခုက္ကူဦးအုံးဖေ ပညာရည်ချွန်ဆု ရန်ပုံငွေအဖွဲ့က စိစစ်ရွေးချယ်ပေးခြင်းဖြစ်ကြောင်း။

အမှန်စင်စစ် ယနေ့စာပေဆုအခမ်းအနားသည် နိုင်ငံတော်၏ လူသားစွမ်းရည်မြှင့်တင်ရေးနှင့် ပညာရေးဖွံ့ဖြိုးတိုးတက်မှု၌ ပဓာနကျအထောက်အကူဖြစ်စေကြောင်း၊ စာပေနှင့်ပညာရေးကဏ္ဍနှစ်ရပ်ကို စည်ပင်ဖွံ့ဖြိုးပွားများနေစေရန် ဆောင်ရွက်နေသည့် နိုင်ငံတော်၏ လုပ်ငန်းကို အားပေးရာရောက်သည့် အခမ်းအနားတစ်ရပ်လည်း ဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် အမျိုးသားရေးနှင့်စပ်ဆိုင်သည့် မြန်မာ့လူနေမှုဘဝကို ခိုင်မာဖွံ့ဖြိုးတိုးတက်စေရန် နိုင်ငံနှင့်ပြည်သူများ၏ ပေါင်းစပ်အားထုတ်မှုကို ဂုဏ်ယူရမည့်အခမ်းအနားလည်းဖြစ်ကြောင်း၊ တက်ရောက်လာသည့် စာပေပညာရှင်များကလည်း ယခုကဲ့သို့ အမျိုးသားရေးအစဉ်အလာကောင်းများကို အရှိန်အဟုန်မြင့်မားစေရန်၊ အမျိုးသားစာပေလက်ရာများ ကြွယ်ဝစေရန်၊ အမျိုးသားလူမှုဘဝ ခိုင်မာလာစေရန် ကျရာကဏ္ဍက ပါဝင်ပြီး အသိစိတ်ဓာတ်ဖြင့် မဆုတ်မနစ် စွမ်းဆောင်အားပေးကြပါဟု မေတ္တာရပ်ခံရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၁ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ စာရေးဆရာကြီး ဦးမောင်မောင်ခင်(တက္ကသိုလ်မောင်မောင်ခင်)၊ ကဗျာပေါင်းချုပ် ပထမဆုရ “သစ္စာငှက်များမိုးသို့တိုင် ကဗျာများ” ရေးသားသူ မြေလတ်မင်းလွင်၊ ကဗျာပေါင်းချုပ် ဒုတိယဆုရ “လတစ်စင်းပန်းတစ်ခင်း အလင်းရနံ့ကဗျာများ”ရေးသားသူ မောင်လွန်းမြိုင်(ပင်လယ်ဘူး)၊ ကဗျာပေါင်းချုပ် တတိယဆုရ “အဖေမသေပါနှင့် အဖြူရောင်သစ္စာကဗျာများ” ရေးသားသူ မောင်နီမိုင်း(ကျောက်တန်း)၊ ဝတ္ထုရှည်ပထမဆုရ “မြန်မာ့ဂုဏ်ရည်စိန်ထွန်းကြည်” ရေးသားသူ ပုသိမ်အောင်သန်းဦး၊ ဝတ္ထုရှည် ဒုတိယဆုရ “မလွမ်းရော့သော်ကော” ရေးသားသူ ညွှန့်လူ၊ ဝတ္ထုရှည် တတိယဆုရ “ရေဆုံးရေဖျား” ရေးသားသူ ခင်လပြည့်ဝန်းတို့အား ဆုများကို ချီးမြှင့်သည်။

ဆုများချီးမြှင့်

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ “ရေပြာလမ်းနှင့် အခြားဝတ္ထုတိုများ” ရေးသားသူ နန္ဒာခင် (သက္ကလမြေ) ၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ “ တွင်းကောက်ရှာသော မြွေများနှင့် အခြားဘဝရသဝတ္ထုတိုများ” ရေးသားသူ ကျွန်းစဉ်မြေစောခက်၊ ကျမ်းစာပေပထမဆုရ “အင်းဆားရဲ့အင်းလေး”ရေးသားသူ မောင်မောင်ချစ်ဦး (မုံရွာ)တို့အား လည်းကောင်း၊ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီး ဒေါ်စန်းစန်းနွယ်က သုတေသနစာပေပထမဆုရ “မြန်မာ့ရိုးရာရေနံလက်တွင်းတူးပညာ” ရေးသားသူ ဒေါက်တာယဉ်ယဉ်ထွန်း၊ သုတေသနစာပေ ဒုတိယဆုရ “စာသင်ကျောင်းကောင်း စုပေါင်းပျိုးထောင်” ရေးသားသူ မောင်ကျော်ကျော် (ကွင်းကောက်)တို့အား လည်းကောင်း၊ ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေက ၂၀၁၁ ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်စာအုပ်ဆု ချီးမြှင့်ခံရသော “ဒီမိုကရေစီနိုင်ငံနှင့် စတုတ္ထမဏ္ဍိုင်”စာအုပ်ရေးသားသူ ခင်မောင်မြင့်စစ်ကိုင်းအား လည်းကောင်း၊ ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ထွန်း (ခင်မောင်ထွန်း-လမ်းမတော်)က အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပညာသင်ဆုရ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ မောင်ဝင်းသော်တာညွန့် (ပထမနှစ်ဂုဏ်ထူးတန်း၊ ရုပ်ရှင်နှင့်ပြဇာတ်)နှင့် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ မောင်ဝေယံအောင် (ဒုတိယနှစ် သဘင်ပညာ)တို့အားလည်းကောင်း၊ ပခုက္ကူ ဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီ အဖွဲ့ဝင် ဒေါက်တာသက်လွင်က မြန်မာစာထူးချွန်ဆုရရှိသူများဖြစ်ကြသည့် မသီတာငြိမ်း(မုံရွာတက္ကသိုလ်)၊ မအိအိကျော် (မကွေးတက္ကသိုလ်)၊ မဆုဇင်ဇင်စိုး (ပုသိမ်တက္ကသိုလ်)နှင့် မမြသီဂီကျော် (ရတနာပုံတက္ကသိုလ်)တို့အား လည်းကောင်း၊ ပခုက္ကူဦးအုံးဖေစာပေဆု စိစစ်ရွေးချယ်ရေးအဖွဲ့ဥက္ကဋ္ဌ စည်သူ ဦးတင်လှိုင် (လယ်တွင်းသားစောချစ်)က ပညာရည်ချွန်ဆု မြန်မာစာပထမဆုရ မဖြူနှင်းသန့် (အထက(၄)အလုံ)၊ ဒုတိယဆုရ မဖူးရတနာလွင် (အထက (၄)ပြင်ဦးလွင်)၊ တတိယဆုရ မပန်းပြည့်ပြည့်ပိုင် (အထကလေ့ကျင့်ရေးကျောင်း-ကမာရွတ်)၊ အင်္ဂလိပ်စာ ပထမဆုရ မမွန်ချောလုံ (အထက(၃) မြစ်ကြီးနား)၊ ဒုတိယဆုရ မသင်းထက်အောင် (အထက လေ့ကျင့်ရေးကျောင်း- ကမာရွတ်)တို့အား လည်းကောင်း၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းက အင်္ဂလိပ်စာ တတိယဆုရ မောင်ဆွတ်ဆိုင်းအောင် (အထက(၃)မြစ်ကြီးနား)၊ သင်္ချာပထမဆုရ မမြတ်ရွှေရည်ထွန်း(အထက(၁)ဒဂုံ)၊ ဒုတိယဆုရ မောင်ဟန်ဝင်းထွန်း (အထက(၁)ဒဂုံ)၊ တတိယဆုရ မောင်မျိုးမင်းဦး (အထက(၉) မော်လမြိုင်)တို့အား လည်းကောင်း၊ အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သူက ဓာတုဗေဒ ပထမဆုရ မယမင်းအေး(အထက-သုဝဏ္ဏ)၊ ရူပဗေဒ ပထမဆုရ မောင်ပြည့်ဖြိုး (အထက(၄)အလုံ) နှင့် ဇီဝဗေဒ ပထမဆုရ မမြတ်ရွှေရည်ထွန်း (အထက(၁)ဒဂုံ)တို့အား လည်းကောင်း၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်က ပထဝီဝင် ပထမဆုရ စဇွန်မိုးဦး (အထက(ခွဲ) တောက်တဲ့ရိုး၊ ကျုံပျော်မြို့နယ်)၊ သမိုင်း ပထမဆုရ မဆွေဆွေလှိုင် (အထက(ခွဲ) ဆင်စွယ်ရွာ၊ ထီးလင်းမြို့နယ်)၊ ဘောဂဗေဒ ပထမဆုရ မဝေဝေအောင် (အထက(၁) သဃ်န်းကျွန်း)တို့အားလည်းကောင်း ဆုများကိုချီးမြှင့်ကြသည်။

ထို့နောက် ကွယ်လွန်သူ စာပေဆုအလှူရှင် ပခုက္ကူဦးအုံးဖေကိုယ်စား ပခုက္ကူ ဦးအုံးဖေ စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးတင့်ဆွေက ဆုချီးမြှင့်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဆုရရှိကြသူများကိုယ်စား ပခုက္ကူဦးအုံးဖေ တစ်သက်တာ စာပေဆုရ ဦးမောင်မောင်ခင် (တက္ကသိုလ် မောင်မောင်ခင်)က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် ပခုက္ကူဦးအုံးဖေ စာပေဆုရန်ပုံငွေအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ ရွှေသံလွင်ကုမ္ပဏီလီမိတက်က ငွေကျပ် ၁၀ သိန်း၊ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများက ငွေကျပ် ၆၇၅၀၀၀၊ ပခုက္ကူဦးအုံးဖေ၏မြေး ဦးမြင့်ဌေး-ဒေါ်လင်းလင်းထိုက်၊ ထွန်းဖောင်ဒေးရှင်း၊ Naing Group၊ Eleven Media Group နှင့် ဦးမောင်မောင်အေး (မောင်ဟေမာ)တို့က ငွေကျပ် ငါးသိန်းစီ၊ ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌ ဦးတင့်ဆွေ-ဒေါ်တင်ကြည်က ငွေကျပ် ၃၂၅၀၀၀၊ ပြေတီဦးဖောင်ဒေးရှင်းနှင့် Five Stars ဆောက်လုပ်ရေးအဖွဲ့တို့က ငွေကျပ် သုံးသိန်းစီ၊ ဦးငြိမ်း-ဒေါ်အုန်းကြင် OK ဆန်ရောင်းဝယ်ရေး၊ ဒေါ်ချိုချိုသန်း(ရှိုင်းဟုတ်)နှင့် ဦးအောင်သန်း-ဒေါ်ဝင်းမြင့်ကြည် (ပခုက္ကူအောင်မြင့်မိုရ်ကုမ္ပဏီ)နှင့် ဦးမောင်မောင်လွင် (လက်ထောက်ညွှန်ကြားရေးမှူး၊ ဆည်မြောင်းဦးစီးဌာန)- ဒေါ်ကေခိုင်အောင်ခင် (စာရေးဆရာမ မကေ)တို့က ငွေကျပ် နှစ်သိန်းစီ၊ ဒေါ်စောကြိုင်(ပါမောက္ခ-ငြိမ်း) (မအေးငြိမ်း-ပခုက္ကူ)၊ Asian Fame Media Group၊ ဦးသန်းအေး(စလင်းဘုန်းကျော်)နှင့် အကယ်ဒမီခန့်စည်သူတို့က ငွေကျပ်တစ်သိန်းစီ စုစုပေါင်းငွေကျပ် ၆၃ သိန်းကို ပေးအပ်လှူဒါန်းကြပြီး

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာ ဝန်ကြီး ဦးကျော်ဆန်း ၂၀၁၁ခုနှစ်အတွက် ပခုက္ကူဦးအုံး စာပေဆုရ စာရေးဆရာကြီး ဦးမောင်မောင်ခင်(တက္ကသို ခင်)အား ဆုချီးမြှင့်စဉ်။

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပခုက္ကူ ဦးအုံးဖေ စာပေဆု ကော်မတီဥက္ကဋ္ဌနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဥ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနား ကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စုပေါင်းမှတ်တ ကြသည်။

မိုးဦးကာလ ရေယာဉ်များ သဘာဝ လုံခြုံရေးအတွက် ရေလမ်း

နေပြည်တော်

မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလ၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများ မြင့်တက်လာမည် ဖြစ်သည်။ မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလတွင်ရှိခဲ့သော သဲသောင်များ၊ ကျွန်းများရေမြုပ်၍ ရေမြွှာပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

ဂရုပြုခုတ်မောင်း

မြစ်ရေတက်လာမှုပေါ် မူတည်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ရာသီဥတုဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုပြုခုတ်မောင်းကြရန် လိုအပ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ ရေအနက်မလုံလောက်သော ရေမြွှာပေါက်ဖြတ်လမ်းများအား အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ ဂရုပြုခုတ်မောင်းကြရန် လိုအပ်သည်။

မြစ်ကူးတံတားကြီးများ၏ ရေလမ်းကြောင်းများတွင် ရေယာဉ်များဝင်ရောက်ရမည့် ဝင်ပေါက်တွင် အစိမ်းရောင် တြိဂံအမှတ်အသားပြသထားပြီး မဝင်ရမည့်

မြန်မာ့အလင်း ပြည်တွင်းလူမှုစီးပွား

ရန်ကုန် မေ ၁၆

ယခုနှစ် ကြက်သွန်ပေါ်ချိန်၌ ကြက်သွန်ထွက်ရှိရာ နယ်ဒေသများ အတွင်း ကြက်သွန်ဈေးမြင့်တက်မှုကြောင့် ဘုရင့်နောင်ပွဲရုံတန်းများရှိ ကြက်သွန်ပွဲရုံများပါ ဈေးနှုန်းများ မြင့်တက်လာရကြောင်း သိရှိရသည်။

“ကြက်သွန်ဈေးက မနှစ်ကဒီလို အချိန်မှာ တစ်ပိဿာကို ငွေကျပ် ၂၆၀ ဈေးလောက်ပဲရှိသေးတယ်။ ဒီနှစ်တော့ နယ်တွေမှာ ကုန်လှောင်တဲ့သူပိုများလာ တဲ့အတွက် နယ်ဈေးကအလွန်မြင့်တက် လာပြီး ရန်ကုန်ဈေးထက်တောင်

သာသွားတဲ့အတွ တွေကလည်း ဈေး လက်ရှိမှာ ကြက် ကို ငွေကျပ် ၃၅၀ အထိရှိနေပြီး နယ် ကို အထက်စ ငွေ မြင့်တက်နေတယ်” ကုန်စည်ပွဲရုံမှ ကြ ထံမှ သိရှိရသည်။

မြန်မာနိုင်ငံအ ၌ ကြက်သွန်နီအ ရှိသော်လည်း သက ကြက်သွန်နီအခင်း

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၁ခုနှစ်အတွက် ပခုက္ကူဦးအုံးဖေ တစ်သက်တာစာပေဆုရ စာရေးဆရာကြီး ဦးမောင်မောင်ခင်(တက္ကသိုလ် မောင်မောင်ခင်)အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ ပခုက္ကူ ဦးအုံးဖေ စာပေဆုရန်ပုံငွေကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌနှင့် ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ကော်မတီဥက္ကဋ္ဌတို့က လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မေ ၁၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာအနှံ့အပြား၊ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၇ ဒီဂရီစင်တီဂရိတ်အထိ၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့နှင့် မင်းဘူးမြို့တို့တွင် ၄၆ ဒီဂရီစင်တီဂရိတ်စီ၊ ကလေးဝမြို့၊ မုံရွာမြို့၊ မြင်းခြံမြို့၊ ညောင်ဦးမြို့နှင့် မကွေးမြို့တို့တွင် ၄၄ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိရလေအောင်

ရှင်ဇာနန် (ကျန်းမာရေးပညာ)

ညစ်ညမ်းသောပတ်ဝန်းကျင်၌ နေထိုင်သောသူများနှင့် သန့်ရှင်းသပ်ရပ်သော ပတ်ဝန်းကျင်၌ နေထိုင်သောသူများ၏ ကျန်းမာရေးမှတ်တမ်းများကို နှိုင်းယှဉ်ကြည့်လျှင် သိသိသာသာ ကွဲပြားခြားနားကြောင်း တွေ့ကြရမည်ဖြစ်သည်။ ဤပတ်ဝန်းကျင်သန့်ရှင်းရေး၏ အရေးကြီးပုံကို သိရှိနားလည်သဘောပေါက်သူများက မအိပ်မနေကြိုးပမ်းအားထုတ်ကာ လုပ်ဆောင်လျက်ရှိကြလေသည်။ ထို့ကြောင့် အချို့က ထိုသူများအား "ပတ်ဝန်းကျင်သန့်ရှင်းရေးဝါဒီများ" ဟုပင် တင်စားပြောဆိုတတ်ကြလေသည်။

ပတ်ဝန်းကျင်ညစ်ညမ်းမှုကို အဓိကဖန်တီးသည့် အကြောင်းတရားများစွာရှိသည့်အနက် အဓိကအကြောင်းတရားတစ်ခုမှာ လူ့အညစ်အကြေး မစင်စွန့်ပစ်ခြင်းပင်ဖြစ်သည်။ လူတို့၏ စွန့်ပစ်သောအရာများတွင် လူ့မစင်သည် ရွံစရာအကောင်းဆုံးနှင့် ရောဂါဘယပြန့်ပွားမှုကို အဓိကဖြစ်စေသည့်အရာများ ဖြစ်၏။ ထို့ကြောင့် မစင်စွန့်ပစ်သည့် တောထိုင်ဓလေ့ကို ပြုပြင်ပြောင်းလဲရန် နိုင်ငံအသီးသီးက အပတ်တကုတ် ကြိုးပမ်းအားထုတ်လာခဲ့ကြသည်။

မြန်မာနိုင်ငံသည် ပြည်တော်သာခေတ်ကတည်းကပင် ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲကြရန် ကြိုးပမ်းလာခဲ့၏။ ယခုအခါ ဆယ်စုနှစ်ငါးစုပင် ကျော်လာခဲ့သည်။ အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေး ရက်သတ္တပတ်လှုပ်ရှားမှု (National Sanitation Week) ဟူ၍လည်း ဆယ်နှစ်မက နှစ်စဉ်ကျင်းပကာ တစ်နိုင်ငံလုံး ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲရေးနှင့် ရေကောင်းရေသန့်ရရှိရေး၊ အစားအစာသန့်ရှင်းရေး၊ လက်သန့်ရှင်းရေး စသည့်လုပ်ငန်းများပါ တွဲဖက်လုပ်ဆောင်ရန် လှုံ့ဆော်လာခဲ့သည်။ အောင်မြင်မှုများ အရှိန်အဟုန်ဖြင့် တိုးတက်ရရှိခဲ့၏။ တစ်နိုင်ငံလုံး တောထိုင်ဓလေ့မှ ယင်လုံအိမ်သာသုံးစွဲမှုမှာ ၈၀ ရာခိုင်နှုန်းအထိ ရှိလာခဲ့သည်။

သိသာထင်ရှားသော ပြောင်းလဲမှုရလဒ်များတွင် ရန်ကုန်-မန္တလေး အဝေးပြေးကားလမ်းမကြီးများပေါ်ရှိ ကားရပ်နားရာ စားသောက်ဆိုင်များ ပါဝင်သည်။ လွန်ခဲ့သော (၂၅)နှစ်ခန့်က ဤနေရာများ၌ ယင်လုံအိမ်သာ မရှိသလောက်ပင်ဖြစ်သည်။ မြေပေါ်အိမ်သာများသာရှိနေပြီး မစင်အညစ်အကြေးစွန့်လျှင် လောက်ကောင်တဖွားဖွား၊ ယင်ကောင်တလောင်းလောင်းနှင့် လွန်စွာညစ်ညမ်းလှသည်မှာ မေ့ပျောက်ရန်ခက်လှသည်။ အချို့မှာ အစားအစာများပင် မစားနိုင်အောင်ဖြစ်ခဲ့ကြဖူးသည်။ ယနေ့ ဤစားသောက်ဆိုင်များ၌ ရေလောင်းကြွေအိမ်သာခွက်များ တပ်ဆင်ကာ သန့်ရှင်းမှုဖြင့် အပြိုင်အဆိုင်ဆောက်လုပ်လာကြသည်ကို တွေ့မြင်ကြရမည်ဖြစ်ပါသည်။

ကျေးလက်၌ ယင်လုံအိမ်သာများ ဆောက်လုပ်လာကြသည့်နည်းတူ မြို့ပေါ်ရပ်ကွက်များကလည်း မြေပေါ်အိမ်သာများဖျက်သိမ်းကာ ယင်လုံအိမ်သာများအဖြစ် ဆောက်လုပ်လာခဲ့ကြသည်။ အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနသာမဟုတ်၊ အခြားနှီးနွယ်ဌာနများကပါ ပူးပေါင်းပါဝင်လုပ်ဆောင်ခဲ့ကြခြင်းကြောင့် အရှိန်အဟုန်ဖြင့် တိုးတက်လာခြင်းဖြစ်သည်။ အထူးသဖြင့် အုပ်ချုပ်ရေးအပိုင်းမှ အာဏာပိုင်များ၏ တွန်းအားပေးမှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေသည်။

ဤတွင် ကျွန်ုပ်တို့သည် အဘယ်ကြောင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုကို အင်တိုက်အားတိုက် ဖျက်နေကြရပါသနည်း။ ရန်ကုန်မြို့ရှိ ကမ္ဘာ့ကလေးများရန်ပုံငွေအဖွဲ့၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးဌာနခွဲ အကြီးအကဲက "ကူးစက်ရောဂါသုံးမျိုးဖြစ်သည့် ငှက်ဖျား၊ တုပ်ကွေး၊ တီဘီရောဂါသုံးမျိုးကြောင့် အသက်ဆုံးရှုံးရသည့် လူဦးရေထက်၊ ဝမ်းနှင့်ပတ်သက်သည့် ရောဂါတစ်မျိုးကြောင့် အသက်ဆုံးရှုံးမှုက ပို၍များနေသေးသည်"ဟု ဆိုသည်။ သို့ဖြစ်ရာ ဝမ်းနှင့်ပတ်သက်သည့် ရောဂါများသည် အဓိကအားဖြင့် မစင်ကို စနစ်တကျ စွန့်ပစ်မှုမရှိခြင်းကြောင့် ဖြစ်ရခြင်းပင် ဖြစ်သည်။ ထို့ကြောင့် အိန္ဒိယမှ ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာပညာရှင် ဒေါက်တာကမ်မာကားလ်က "အရှေ့တောင်အာရှနိုင်ငံအားလုံး မစင်ကင်းမဲ့ဇုန်အဖြစ်" ပြောင်းလဲစေရမည်ဟု ကြွေးကြော်ခဲ့ပါသည်။ ဤကြွေးကြော်ချက်နှင့်အညီ လူထုဦးဆောင်မှုဖြင့် ရာနှုန်းပြည့် ပတ်ဝန်းကျင်သန့်ရှင်းရေး (Community Led Total Sanitation) စီမံချက်များ ရေးဆွဲကာ အရှေ့တောင်အာရှနိုင်ငံ ၁၀ နိုင်ငံ၌ အကောင်အထည်ဖော်ရန် ကြိုးပမ်းလျက်ရှိနေသည်။

လူ့အညစ်အကြေးများမှ အောက်ပါရောဂါများ ပျံ့နှံ့နိုင်ကြောင်း ပြည်သူလူထုတစ်ရပ်လုံးက သတိမူကြရန်ဖြစ်ပြီး မိမိတို့ စွန့်ထုတ်သောမစင်များ မိမိတို့ထံသို့ ပြန်လည်ရောက်ရှိလာတတ်ပုံကို အသိပညာပေးရန် တိုက်တွန်းထားလေသည်။ "ဝမ်းလျှော၀မ်းပျက်၊ အူရောင်ငန်းဖျား၊ ကာလဝမ်းရောဂါ၊ သန်ကောင်ရောဂါအမျိုးမျိုး၊ အသည်းရောင်အသားဝါရောဂါ၊ ပိုလီယိုအကြောသေရောဂါ" စသည့် ကူးစက်ရောဂါများသည် လူ့အညစ်အကြေးများမှ ကူးစက်ခြင်းဖြစ်သည်။ အဖုံးအကာမဲ့ကွင်းပြင်၌ တောထိုင်၍ မစင်စွန့်ခြင်းဖြင့် ရောဂါပိုးများ ပြန့်ပွားလျက်ရှိ၏။ မိုးအခါ ရေစီးကြောင်းနှင့်အတူ ရေတွင်းရေကန်များထဲသို့ စိမ့်ဝင်လျက်ရှိသည်။ တိရစ္ဆာန်များနှင့် လူများကပင် မစင်များကို ထိတွေ့မိရာမှ မစင်အညစ်အကြေးများသည် လူတို့စားသောက်ဖွယ်ရာများနှင့် ထိတွေ့ရလေသည်။ ပိုးဟပ်၊ ယင်ကောင်၊ ကြွက်များကြောင့်လည်း အညစ်အကြေးများ နေရာအနှံ့ပျံ့သွားလေ့ရှိသည်။ အချို့မှာ အညစ်အကြေးများ စွန့်ချင်ရာစွန့်သဖြင့် အိမ်သာ၏ အကျိုးကျေးဇူးများ မခံစားခဲ့ဖူးသောကြောင့် ယင်လုံအိမ်သာ လိုချင်စိတ်မရှိကြခြင်းလည်း ဖြစ်သည်။ အမှန်၌ ယင်လုံအိမ်သာကောင်းကောင်းရှိလျှင် အချိန်မရွေး မစင်စွန့်နိုင်ကြ၏။ မြွေပါးကင်းပါး အန္တရာယ်လည်း မရှိနိုင်ပါ။ နေမကောင်းသည့်အခါ၌လည်း အဆင်ပြေ၏။ ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများအတွက်လည်း အဆင်ပြေသည်။ သို့သော် ယင်လုံအိမ်သာကို သန့်သန့်ရှင်းရှင်း အသုံးပြုရန်လိုသည်။ အိမ်နှင့်နီးနီးကပ်ကပ် ဆောက်လုပ်ရန်လိုသည်။ အကြောင်းမှာ အိမ်သာထဲ ရေထည့်ရန် လွယ်ကူစေသည်။ ရေများများထည့်သုံးမှ အိမ်သာသန့်ရှင်းစွာ အသုံးပြုနိုင်မည်ဖြစ်ပါသည်။ တုတ်ကို မသုံးဘဲ စက္ကူ သို့မဟုတ် ရေကိုသာ အသုံးပြုရန်လိုသည်။ အရေးကြီးဆုံးအချက်မှာ အိမ်သာကျင်းကို ခိုင်ခိုင်ခံ့ခံ့ ဆောက်လုပ်ရန်ဖြစ်သည်။ လေလုံ၊ မိုးလုံ၍ ကျင်းမပြိုအောင် ပြုလုပ်နိုင်လျှင် မိမိ မီးဖိုချောင်ဘေးနား၌ လည်းကောင်း၊ အိပ်ရာဘေး၌လည်းကောင်း အိမ်သာဆောက်လုပ်သုံးစွဲနိုင်ပါသည်။ ယင်လုံအိမ်သာ ပလတ်စတစ်ခွက်၌ အကောက်ပါသော ပိုက်များ တပ်ဆင်အသုံးပြုလျှင် ရေများ အကောက်နေရာ၌တင်၍ အိမ်သာထဲမှ အနံ့အသက်များ ပြန်မထွက်လာနိုင်ဘဲရှိနေမည်ဖြစ်သည်။

သန့်ရှင်းသပ်ရပ်သော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲသူတိုင်း နောင်တရရိုးထုံးစံမရှိပါ။ နေ့စဉ်နှင့်အမျှ တစ်သက်တာကာလပတ်လုံး အသုံးပြုမည့် ယင်လုံအိမ်သာကို လှလှပပ၊ သပ်သပ်ရပ်ရပ် သန့်သန့်ရှင်းရှင်း ဆောက်လုပ်အသုံးပြုကြရန် အထူးလိုအပ်လှပါသည်။ အလေးအပင်များ လျှော့ချ၍ နေသာထိုင်သာရှိစေရန် မိမိတို့ယင်လုံအိမ်သာကသာ အိမ်ကို သာယာမှုပေးနိုင်ပါသည်။ သာယာသော မိသားစုသည် ကျန်းမာကြ၏။ ကျန်းမာသောမိသားစုသည် ပျော်ရွှင်ဖွယ်ရာပင် မဟုတ်ပါလော။ ။

မိုးဦးကာလ ရေယာဉ်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လုံခြုံရေးအတွက် ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်

နေပြည်တော် မေ ၁၆

မြန်မာနိုင်ငံရှိ မြစ်များတွင် မုတ်သုံရာသီအစ မိုးဦးကာလ၌ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းများ တိုက်ခတ်ခြင်းနှင့်အတူ မြစ်ရေများ မြင့်တက်လာမည် ဖြစ်သည်။ မြစ်ရေမြင့်တက်လာခြင်းကြောင့် ရေနည်းချိန်ကာလတွင်ရှိခဲ့သော သဲသောင်များ၊ ကျွန်းများရေမြုပ်၍ ရေမြွှာပေါက်ဖြတ်လမ်းများ ဖြစ်ပေါ်လာမည်ဖြစ်သည်။

ဂရုပြုခုတ်မောင်း

မြစ်ရေတက်လာမှုပေါ်မူတည်၍ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ရေယာဉ်များ အန္တရာယ်ကင်းရှင်းစွာ ခုတ်မောင်းသွားလာနိုင်ကြစေရန် လိုအပ်သော ရေလမ်းညွှန်အမှတ်အသားများကို ပြသထားမည်ဖြစ်၍ အလေးထားလိုက်နာကြရန် လိုအပ်သည်။ တစ်ခါတစ်ရံ ရာသီဥတုဒဏ်ကြောင့် စိုက်ထူပြသထားသော အမှတ်အသားများ ပျက်စီးပျောက်ဆုံးနိုင်သဖြင့် ရေယာဉ်များအနေဖြင့် ဂရုပြုခုတ်မောင်းကြရန် လိုအပ်သည်။

ရေများချိန်ကာလ၌ ရေစီးသန်ခြင်း၊ ဝဲလှည့်ခြင်းများ ဖြစ်ပေါ်နိုင်သည်။ ရေအနက်မလုံလောက်သော ရေမြွှာပေါက်ဖြတ်လမ်းများအား အသုံးပြုခုတ်မောင်းခြင်း မပြုကြရန်နှင့် သတ်မှတ်ရေလမ်းအတိုင်း မိမိရေယာဉ်၏ စက်အားနှင့် ရေစီးနှုန်းကို ချင့်ချိန်၍ ဂရုပြုခုတ်မောင်းကြရန် လိုအပ်သည်။

မြစ်ကူးတံတားကြီးများ၏ ရေလမ်းကြောင်းများတွင် ရေယာဉ်များဝင်ရောက်ရမည့် ဝင်ပေါက်တွင် အစိမ်းရောင် တြိဂံအမှတ်အသားပြသထားပြီး မဝင်ရမည့်ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသထားမည်။

ရေများချိန်တွင် မြစ်ကူးတံတားကြီးများ၏ ရေလယ်တိုင် အုတ်ခုံများမှာ ရေမြုပ်နေပြီး ရေလယ်တိုင်နှစ်ခုအကြား၌ ရေစီးသန်မည်ဖြစ်သောကြောင့် ရေယာဉ်များ မြစ်ကူးတံတားရေလမ်းသို့ ဖြတ်သန်းရာတွင် စက်နှင့်တက်မစနစ်များအား ကြိုတင်စစ်ဆေးပြီး လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ရယူ၍ ဖြတ်သန်းခုတ်မောင်းကြရန်နှင့် တံတားရေလမ်းများအား ဖြတ်သန်းရာတွင် ရေယာဉ်နှစ်စင်း ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုကြရန် လိုအပ်သည်။ အထူးသဖြင့် ရေယာဉ်များအနေဖြင့် မိမိ၏ သယ်ဆောင်ဝန်အားနှင့် စက်အားကို ချင့်ချိန်တွက်ဆ၍ ဂရုပြုခုတ်မောင်းကြရမည်ဖြစ်သည်။ မနိုင်ဝန်ကို သယ်ဆောင်ခြင်းမျိုး မပြုကြရန်နှင့် မြစ်ကူးတံတားကြီးများအား ဖြတ်သန်းရာတွင် တွဲတစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန် လိုအပ်သည်။

ရာသီဥတုပြောင်းလဲမှုကြောင့် ရုတ်တရက် လေပြင်းတိုက်ခတ်မှုများနှင့် မိုးမှောင်ကျမှုများ ဖြစ်ပေါ်သည့်အခါ ရေယာဉ်များအနေဖြင့် အန္တရာယ်မဖြစ်စေရေးအတွက် အထူးဂရုပြုခုတ်မောင်းကြရန်နှင့် လေပြင်းတိုက်ခတ်စဉ် ရေယာဉ်များလိုက်နာရမည့် နည်းဥပဒေများအတိုင်း လိုက်နာဆောင်ရွက်သွားကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

◆ *ကျောဖုံးမှ*

နှစ်နိုင်ငံ နည်းပညာပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်ဆိုင်ရာ နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုကဏ္ဍများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံအဖြစ် အသွင်ကူးပြောင်းရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ချက်များ၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများကို အသိပေးဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီးက မြန်မာကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ နေ့လယ်စာ သုံးဆောင်အပြီးတွင် စင်ကာပူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးဌာနနှင့် သံတမန်သင်တန်းကျောင်းတို့နှင့် ပတ်သက်၍ သက်ဆိုင်ရာဌာန အကြီးအကဲများက ပြည်ထောင်စုဝန်ကြီးအား ရှင်းလင်းတင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ညနေပိုင်းတွင် မြန်မာသံရုံးကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး သံရုံးဝန်ထမ်းများနှင့်တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ပြည်တွင်းလူမှုစီးပွားသတင်း

အလတ်ကြိုး အချောကြိုး မြန်မာ့ကြက်သွန်နီဈေးကွက်

ရန်ကုန် မေ ၁၆

ယခုနှစ် ကြက်သွန်ပေါ်ချိန်၌ ကြက်သွန်ထွက်ရှိရာ နယ်ဒေသများအတွင်း ကြက်သွန်ဈေးမြင့်တက်မှုကြောင့် ဘုရင့်နောင်ပွဲရုံတန်းများရှိ ကြက်သွန်ပွဲရုံများပါ ဈေးနှုန်းများ မြင့်တက်လာရကြောင်း သိရှိရသည်။

"ကြက်သွန်ဈေးက မနှစ်ကဒီလို အချိန်မှာ တစ်ပိဿာကို ငွေကျပ် ၂၆၀ ဈေးလောက်ပဲရှိသေးတယ်။ ဒီနှစ်တော့ နယ်တွေမှာ ကုန်လှောင်တဲ့သူပိုများလာတဲ့အတွက် နယ်ဈေးကအလွန်မြင့်တက်လာပြီး ရန်ကုန်ဈေးထက်တောင် သာသွားတဲ့အတွက် ရန်ကုန်က ပွဲရုံတွေကလည်း ဈေးလိုက်တက်ရတာပါ။ လက်ရှိမှာ ကြက်သွန်နီက တစ်ပိဿာကို ငွေကျပ် ၃၅၀ ကနေ ငွေကျပ် ၆၀၀ အထိရှိနေပြီး နယ်မှာတော့ တစ်ပိဿာကို အထက်စ ငွေကျပ် ၄၀၀ ကျော်အထိ မြင့်တက်နေတယ်" ဟု ဘုရင့်နောင်ကုန်စည်ပွဲရုံမှ ကြက်သွန်ကုန်သည်များထံမှ သိရှိရသည်။

မြန်မာနိုင်ငံအလယ်ပိုင်းဒေသများ၌ ကြက်သွန်နီအများဆုံးစိုက်ပျိုးလျက်ရှိသော်လည်း သင်္ကြန်ပြီးကာလများတွင် ကြက်သွန်နီအခင်းမှ ထွက်ရှိသည့် ကြက်သွန်များကို ဒေသခံစီးပွားရေးလုပ်ငန်းရှင်အများစုက ဝယ်ယူသိုလှောင်ထားကြသည်။ မိုးလယ် စက်တင်ဘာ၊ အောက်တိုဘာလများအထိ ဈေးကွက်အခြေအနေအရ သိုလှောင်ထားရှိကြခြင်းဖြစ်သည်။

ပြီးခဲ့သည့်နှစ်က ကြက်သွန်နီထွက်ရှိချိန်၌ ဈေးနှုန်းများ အတန်ငယ်မြင့်တက်ခဲ့သော်လည်း ပြည်ပသို့ တင်ပို့ရောင်းချရန် အခက်အခဲများရှိခြင်း၊ မှာယူကုန်ချိန်နည်းခဲ့ခြင်း၊ ပြည်ပပို့ကုန်ဈေးနှုန်းများ ကျဆင်းခြင်းတို့ကြောင့် ကုန်သည်များအရှုံးပေါ်ခဲ့ကြသည်။

ယခုနှစ်တွင်မူ ပြည်ပတင်ပို့မှု လမ်းကြောင်းများ ပိုမိုပွင့်လင်းလာသည့်အပြင် မြန်မာနိုင်ငံအောက်ပိုင်း တနင်္သာရီတိုင်းဒေသကြီးနှင့် နယ်စပ်ဂိတ်လမ်းကြောင်းများမှလည်း အမှာစာများ ရောက်ရှိလာခဲ့ခြင်းတို့ကြောင့် နယ်ကုန်သည်များအနေနှင့် ကြက်သွန်နီထွက်ရှိသလောက် သိုလှောင်ထားမှုများပြားလာခဲ့ခြင်းအတွက် နယ်ဈေးကွက်ရော၊ ရန်ကုန်ပွဲရုံဈေးကွက်များ၌ပါ ယခုကဲ့သို့ ဈေးနှုန်းများ မြင့်တက်လာခြင်း ဖြစ်သည်။

"မေလ ပထမပတ်ကတည်းက ဈေးတွေက တရိပ်ရိပ်တက်လာနေခဲ့တာ။ ကုန်သည်တွေဆိုရင် ဒီအချိန်မှာ အမြင့်ဆုံးဈေးက ငွေကျပ် ၃၅၀ လောက် မှန်းထားခဲ့ပေမယ့် လက်တွေ့မှာ ငွေကျပ် ၄၀၀ ကို ကျော်ထွက်သွားခဲ့တဲ့အတွက် မထင်မှတ်ထားတဲ့ဈေးဖြစ်သွားခဲ့ရတယ်။ ဒီပုံစံအတိုင်းသာ ဆက်သွားမယ်ဆိုရင် တကယ်ကြက်သွန်ရှားတဲ့အချိန် မိုးလကုန်ရာသီဆိုရင် တစ်ပိဿာကို ငွေကျပ် တစ်ထောင်ကျော်သွားနိုင်ပါတယ်။ ဒီလိုမှမဟုတ်ဘဲ ပြည်ပအမှာက လျော့နည်းသွားမယ်ဆိုရင်တော့ လှောင်လက်သမားတွေ အကြီးအကျယ် အများကြီးဆုံးရှုံးနိုင်တယ်။ ရန်ကုန်အနေနဲ့ကတော့ နယ်လှောင်ချိန်ဖြစ်နေတော့လည်း အဝင်နည်းတဲ့အတွက် ဈေးနှုန်းက အနည်းငယ် မြင့်တက်ရခြင်း ဖြစ်ပါတယ်"ဟု ငုဝါလမ်းရှိ ကြက်သွန်ပွဲရုံတစ်ရုံမှ မန်နေဂျာတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံ၏ သီးနှံထွက်ကုန်များအနက် ကြက်သွန်နီသည် ပြည်ပဈေးကွက်တွင် နေရာရလျက်ရှိသော်လည်း လွန်ခဲ့သည့် ငါးနှစ်ခန့်မှ စတင်ကာ အမှာများပုံမှန်မရှိခြင်း၊ ကြက်သွန်အရည်အသွေး မမှန်ခြင်းများအပြင် မိုးကြက်သွန်များကို ရှမ်းပြည်နယ်အတွင်းတွင် စိုက်ပျိုးအောင်မြင်ခဲ့ခြင်းကြောင့် ဈေးကွက်အပြောင်းအလဲများ ဖြစ်ပေါ်ကာ ခန့်မှန်းရန်ခက်ခဲကြောင်း သိရှိရသည်။

ကြက်သွန်နီကို မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ဆိပ်ဖြူ၊ မြစ်သားနှင့် မြင်းခြံမြို့ ပတ်ဝန်းကျင်ဒေသများ၌ အများဆုံး စိုက်ပျိုးကြပြီး ဘုရင့်နောင်ကုန်စည်ဒိုင်များသို့ တစ်နေ့လျှင်ကားအစီးရေ ၁၀စီးမှ ၁၈ စီးအထိ ကုန်စည်စီးဆင်းမှုရှိကာ ပြည်တွင်းပြည်ပသို့ ပြန်လည်တင်ပို့ကြကြောင်း သိရှိရသည်။

ဘုရင့်နောင်ပွဲရုံတွင် ရောင်းဝယ်ဖောက်ကားလျက်ရှိသည့် ကြက်သွန်နီဈေးနှုန်းများမှာ မြစ်သားဒေသထွက် ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၃၅၀ မှ ငွေကျပ် ၇၀၀ ကျော်အထိရှိပြီး မြင်းခြံနှင့် ဆိပ်ဖြူဒေသထွက် ကြက်သွန်နီများမှာ တစ်ပိဿာလျှင် ငွေကျပ် ၃၀၀ မှ ငွေကျပ် ၄၅၀ အထိ ဈေးနှုန်းများ ရှိကြောင်းသိရှိရသည်။

ခင်လေးမြင့်အောင်

မေ ၅ ရက်က ကဆုန်ညောင်ရေသွန်းပွဲတော်ကို ဗဟန်းမြို့နယ် ငါးဆူကုန်းဘုရားရင်ပြင်တော်ရှိ မဟာဗောဓိပင်၌ကျင်းပရာ ရန်ကုန် အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ ဗဟန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ညောင်ရေသွန်းလောင်း ပူဇော်ကြစဉ်။ (မြန်မာ့အလင်း)

မေ ၈ ရက်က ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ၂/တောင်ရပ်ကွက် မာန်ပြေ(၄)လမ်းအရှေ့ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းမင်း ဦးဆောင်လျက် ရပ်ကွက်ပြည်သူများ စုပေါင်းဖောက်လုပ်ကြစဉ်။ (၀၂၀)

သတ္တသတ္တာဟ မဟာဗောဓိစေတီတော်နှင့် သတ္တသတ္တာဟတရားစခန်းတည်ဆောက်ရေးအတွက် အလှူငွေများထည့်ဝင်လှူဒါန်းနိုင်ရေး အသိပေးနှိုးဆော်ခြင်း

အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ သတ္တဌာန၏ပုံစံနှင့် အတိုင်းအတာ အတိုင်း နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဥဒယရံသီကုန်းတော်ပြင်တွင် သတ္တသတ္တာဟမဟာဗောဓိစေတီတော်နှင့် သတ္တသတ္တာဟတရား စခန်းကို တည်ထားကိုးကွယ်လျက်ရှိပါသည်။ အဆိုပါကုန်းတော်ပြင်၌ သတ္တသတ္တာဟ မဟာဗောဓိစေတီတော် အနန္တရာယိကမြေသန့်၊ ပန္နက်တော်တင်၊ တွင်းတော်ဝန်းမဟာမင်္ဂလာနှင့် ပထမအကြိမ် အလှူငွေပေးအပ်ပွဲအခမ်းအနားကို (၁၃၇၃ ခုနှစ် ဝါခေါင်လပြည့်ကျော် ၅ ရက်)၁၉-၈-၂၀၁၁ ရက် (သောကြာနေ့) တွင်လည်းကောင်း၊ သတ္တသတ္တာဟ မဟာဗောဓိစေတီတော် မူလဌာပနာတော်သွင်းနှင့် အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနားကို (၁၃၇၄ ခုနှစ် ကဆုန်လပြည့်နေ့)၅-၅-၂၀၁၂ ရက် (စနေနေ့)တွင် လည်းကောင်း ကျင်းပခဲ့ပါသည်။

သို့ဖြစ်ရာ သဒ္ဓါကြည်လင်စေတနာရှင်များအနေဖြင့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်နှင့် သတ္တသတ္တာဟတရားစခန်း တည်ဆောက်ရေးအတွက် နဝကမ္မအလှူငွေများအား အောက်ပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန် အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

ဆက်သွယ်ရန်-

ဖုန်း-၀၆၇-၄၁၄၂၀၂၊ ၀၆၇-၄၁၄၂၀၄၊ ၀၆၇-၄၁၄၂၀၅

ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ တိုက်အမှတ်(၁၂၀)၊ (၇)လွှာ၊ အခန်း(၅၂)တွင် ပါတီရုံးချုပ်တည်ရှိသော **အရှိုချင်းအမျိုးသားပါတီ**(Asho Chin National Party) က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၅အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၅-၂၀၁၂ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ဖော်ပြပါအတိုင်းအသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းကအသုံးပြုမည့် ပါတီအမည်၊ အလံနှင့်တံဆိပ်တို့ကို ကန့်ကွက်လိုက ယခု ကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေများ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

အရှိုချင်းအမျိုးသားပါတီ (Asho Chin National Party) ၏ အလံပုံစံ

အရှိုချင်းအမျိုးသားပါတီ(Asho Chin National Party) ၏ တံဆိပ်ပုံစံ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ဗလငါးတန် ပွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

အမြင့်ဆုံး အပူချိန် စံချိန်သစ်

နေပြည်တော် မေ ၁၆

ချောက်မြို့၏ ၁၅-၅-၂၀၁၂ ရက် အမြင့်ဆုံး အပူချိန် ၄၆ ဒသမ ၃ ဒီဂရီစင်တီဂရိတ် (၁၁၅ ဒသမ ၃ ဒီဂရီဖာရင်ဟိုက်)သည် လွန်ခဲ့သောနှစ်ပေါင်း ၂၈ နှစ် အတွင်း ယင်းမြို့၏ မေလအတွက် အမြင့်ဆုံးအပူချိန် စံချိန်သစ်ဖြစ်သည်။ ယခင်စံချိန်ဟောင်းမှာ ၁၄-၅-၂၀၁၁ ရက်တွင် ၄၅ ဒသမ ၃ ဒီဂရီစင်တီဂရိတ် (၁၁၃ ဒသမ ၅ ဒီဂရီဖာရင်ဟိုက်)ဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၅-၂၀၁၂ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅:၄၀ **ရှန်းကန်ရင်းသာ ထွက်ပေါက်ရှာ** တရားတော် (ဆရာတော် ဓမ္မဓရအရှင်ကုမာရ)

၁၂:၁၅ ဖူးမြော်ကြည်ညိုဖွယ်ရာ ရေးဟောင်းသမိုင်းဝင် တမုတ်ရှင်ပင် ရွှေဂူကြီးစေတီတော်

၂:၂၀ အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ငါမင်းကို....**

၂:၅၀ ရန်ကုန်မြင်ကွင်းကျယ် (Aron Gold)

၇:၂၀ တေးပြစာဆို ဦးဘသိန်း (မန္တလေး) ရာပြည့်အထိမ်းအမှတ် ဂီတပွဲတော်(အပိုင်း-၃)

၈:၀၀ MRTV -4 သတင်း

၈:၄၅ Style ရှိမှ Star ဖြစ်မယ်

၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်**(အပိုင်း-၃၉)

၁၀:၂၀ အနုပညာမိုးကောင်းကင်

၁၂:၁၅ အစားအစာသန့်ရှင်းလတ်ဆတ် ဘေးကင်းရေးနှင့် ၎င်း၏ ဆက်စပ်မှုများ၊ ထိခိုက်မှုများ (ဒေါက်တာစိုးခိုင်)

၂:၄၀ လှုပ်ရှားစုံစုံ မြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း-၁)

၃:၁၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်

၄:၁၀ ကန္တရဝတီ၏ ယဉ်ကျေးမှုအမွေအနှစ်များ စုဝေးရာဆီသို့...

၄:၂၀ ပတ္တမြားမြေသို့ အလည်တစ်ခေါက်

မောင်မောင်မြင့်ဆွေ – စုစည်းသည်

ရုရှားတင်းနစ်မယ် ရှာရာပိုဗာ

ရောမမာစတာတင်းနစ်ပြိုင်ပွဲ ရှာရာပိုဗာနိုင်ပွဲရပြီး နောက်တစ်ဆင့်တက်ရောက်

ရောမ မေ ၁၆

အီတလီနိုင်ငံ ရောမမြို့၌ကျင်းပလျက်ရှိသော ရောမမာစတာတင်းနစ်ပြိုင်ပွဲ အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်း ဒုတိယအဆင့်ပွဲစဉ်များကို မေ ၁၆ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ အမျိုးသမီးတစ်ဦးချင်းပွဲစဉ်၌ ရှာရာပိုဗာက ပြိုင်ဘက် ခရစ္စတီးနားမက်ပေးအားအနိုင်ရရှိပြီး နောက်တစ်ဆင့် တက်ရောက်သွားပြီ ဖြစ်သည်။

ရုရှားတင်းနစ်မယ် ရှာရာပိုဗာသည် အမေရိကန်တင်းနစ်မယ် ခရစ္စတီးနားမက်ပေးအား ၇-၅၊ ၇-၅ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ ရှာရာပိုဗာသည် ယခုပွဲ၌ ပြင်းထန်အားပါသော စပေးဘောရိုက်ချက်များမှလည်း အမှတ်များရရှိခဲ့ခြင်းဖြစ်သည်။ တစ်ဖန် အမျိုးသမီးတစ်ဦးချင်း ဒုတိယအဆင့် ပွဲစဉ်အဖြစ် ချက်တင်းနစ်မယ် ဗီတိုဗာနှင့် ရုရှားတင်းနစ်မယ် ပါပလူချင်ကိုဗာတို့ပွဲတွင် ဗီတိုဗာက ၇-၅၊ ၆-၄ ဖြင့် နိုင်ပွဲရရှိခဲ့သည်။

ထို့အတူ အမျိုးသားတစ်ဦးချင်း ဒုတိယအဆင့်ပွဲစဉ်များကို စပိန်တင်းနစ်သမား ဒေးဗစ်ဖာရာက ပြိုင်ဘက် စပိန်တင်းနစ်သမား ဗာဒက်စ်ဆိုအား ၆-၃၊ ၇-၆ (၇-၃) ဖြင့်အနိုင်ရရှိပြီး နောက်တစ်ဆင့်တက်ရောက်သွားပြီ ဖြစ်သည်။ တစ်ဖန် ဗြိတိန်တင်းနစ်သမား အင်ဒီမာရေးနှင့် အာဂျင်တီးနား တင်းနစ်သမား နာလ်ဘင်ဒန်းတို့ပွဲတွင် အင်ဒီမာရေးက ၆-၁၊ ၄-၆၊ ၇-၅ ဖြင့် နိုင်ပွဲရရှိပြီး နောက်တစ်ဆင့် တက်ရောက်သွားပြီဖြစ်သည်။

နောက်ထပ်ပွဲစဉ်အဖြစ် ဆားဘီးယားတင်းနစ်သမား ဂျိုကိုဗစ်နှင့် ဩစတြေးလျတင်းနစ်သမား တိုမက်တို့ပွဲတွင် ဂျိုကိုဗစ်က ၆-၃၊ ၆-၃ ဖြင့် နိုင်ပွဲရရှိခဲ့သည်။

ထို့အပြင် ပြင်သစ်တင်းနစ်သမား ဆွန်ဂါနှင့် ဆားဘီးယားတင်းနစ်သမား ဗစ်တာထရိုင်စကီတို့ပွဲတွင် ဆွန်ဂါက ၆-၃၊ ၆-၂ ဖြင့် နိုင်ပွဲရရှိခဲ့ပြီး နောက်တစ်ဆင့် တက်ရောက်သွားပြီဖြစ်သည်။

(အင်တာနက်)

ပီရူးတိုက်စစ်မှူးပီဇာရို ဝါဒါဘရီမင်အသင်းမှ ထွက်ခွာမည်

ဘာလင် မေ ၁၆

ပီရူးတိုက်စစ်မှူးနှင့် ဝါဒါဘရီမင်အသင်းတိုက်စစ်မှူး ပီဇာရိုသည် ဂျာမန်ကလပ်ဝါဒါဘရီမင် အသင်းမှ ထွက်ခွာတော့မည်ဖြစ်ကြောင်း ဝါဒါဘရီမင်အသင်းတာဝန်ရှိသူများက မေ ၁၆ ရက်တွင် ထုတ်ဖော် ပြောကြားသည်။

*တိုက်စစ်မှူး ပီဇာရိုသည် ဝါဒါဘရီမင်အသင်း၌ ၂၀၀၆ ခုနှစ်ကတည်းက ရောက်ရှိကစားနေသူဖြစ်ရာ သက်တမ်းခြောက်နှစ်ရှိပြီဖြစ်သည်။ ဘောလုံးအသင်းတစ်သင်းတွင် မိမိသည် အချိန်ကြာမြင့်စွာ ကစားလို သောဆန္ဒမရှိကြောင်း တိုက်စစ်မှူး ပီဇာရို **(ယာပုံ)**က ထုတ်ဖော်ပြောကြားသည်။*

တိုက်စစ်မှူး ပီဇာရိုသည် ဝါဒါဘရီမင်အသင်းအတွက် ၁၅၉ ပွဲ ကစားပေးခဲ့ပြီး ဂိုးပေါင်း ၈၉ ဂိုး သွင်းယူနိုင်ခဲ့သူဖြစ်သည်။ မိမိသည် ဝါဒါဘရီမင်အသင်းတွင် ကစားရသည်မှာ ပျော်ရွှင်ကြောင်း၊ အသင်းမှ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ချက်ကို ခက်ခဲစွာချခဲ့ရကြောင်း ၎င်းကပြောကြားသည်။

မိမိအား ထိပ်တန်းဘောလုံးကလပ်အသင်းအချို့က ကမ်းလှမ်းလျက်ရှိကြောင်း၊ မိမိအနေဖြင့် ယင်းဘောလုံးအသင်းများကို လေ့လာဆန်းစစ်လျက်ရှိကြောင်း၊ အပြီးသတ်ဆုံးဖြတ်ချက် မချရသေးကြောင်း တိုက်စစ်မှူး ပီဇာရိုက ဆက်လက်ပြောကြားသည်။ တိုက်စစ်မှူး ပီဇာရိုသည် ပီရူးဘောလုံးအသင်းတွင် ၁၉၉၉ ခုနှစ် ကတည်းက ပါဝင်ကစားခဲ့သူဖြစ်ပြီး စုစုပေါင်း ၆၂ ပွဲ ကစားပေးခဲ့ရာ ၁၆ ဂိုးသွင်းယူပေးနိုင်ခဲ့သည်။ ပီရူးဘောလုံးအသင်းအတွက် ပွဲထွက်တိုက်စစ်မှူးအဖြစ်လည်း ရပ်တည်နိုင်ခဲ့သူ ဖြစ်သည်။ ပီရူးတိုက်စစ်မှူး ပီဇာရိုအား ပရီမီယာလိဂ်ထိပ်တန်းကလပ်များဖြစ်သည့် မန်ယူ၊ မန်စီးတီးနှင့် ချယ်လ်ဆီးအသင်းတို့ကလည်း ခေါ်ယူရန် ပြင်ဆင်လျက်ရှိသည်။ ထို့ကြောင့် ပီဇာရိုအနေဖြင့် မည်သည့်အသင်းရောက်ရှိမည်ကို မကြာမီ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ပီဇာရို၏အေးဂျင့်ဖြစ်သူက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာ့အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ် ကျူးဘားအနိုင်ရ

တိုကျို မေ ၁၆

နိုင်ငံတကာဘော်လီဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ကမ္ဘာ့အမျိုးသားဘော်လီဘောပြိုင်ပွဲ အုပ်စု(က)ပွဲစဉ်များကို ဂျပန်နိုင်ငံ ဟာမာမက်ဆူမြို့၌ စတင်ကျင်းပရာ ကျူးဘားနှင့် ဆားဘီးယားအသင်းတို့ပွဲတွင် ကျူးဘားအသင်းက အနိုင်ရရှိကြောင်း မေ ၁၆ရက်က သတင်းထုတ်ပြန်သည်။ **(ဓာတ်ပုံ)**

ကမ္ဘာ့အမျိုးသားဘော်လီဘောပြိုင်ပွဲကို အုပ်စုလေးစုခွဲပြီး ကျင်းပလျက်ရှိရာ အုပ်စု(က)တွင် ဂျပန်၊ ကျူးဘား၊ ရုရှားနှင့် ဆားဘီးယားအသင်းတို့ပါဝင်ပြီး အုပ်စုပွဲများကို ဂျပန်နိုင်ငံ၌ ကျင်းပခြင်းဖြစ်သည်။

ကျင်းပမည်

အုပ်စု(ခ)အုပ်စုပွဲစဉ်များကို ကနေဒါနိုင်ငံ တိုရွန်တိုမြို့၌ မေ ၂၀ ရက်တွင် စတင်ကျင်းပမည်ဖြစ်ရာ အုပ်စု(ခ)တွင် ကနေဒါ၊ ဖင်လန်၊ ဘရာဇီးနှင့် ပိုလန်အသင်းတို့ ပါဝင်ကြသည်။ အုပ်စု(ဂ)အုပ်စုပွဲစဉ်များကို အီတလီနိုင်ငံ ဖလောရင့်မြို့၌ကျင်းပမည်ဖြစ်ရာ အုပ်စု(ဂ)တွင် အမေရိကန်၊ ပြင်သစ်၊ တောင်ကိုရီးယားနှင့် အီတလီအသင်းတို့ ပါဝင်သည်။ ယင်းအုပ်စုပွဲစဉ်များကို မေ ၁၈ ရက်မှ ဇူလိုင် ၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အုပ်စု(ဃ)အုပ်စုပွဲစဉ်များကို ဂျာမနီနိုင်ငံ ဖရန့်ဖတ်မြို့၌ မေ ၁၈ရက်မှ ဇွန် ၁ရက်အထိ ကျင်းပမည် ဖြစ်သည်။ အုပ်စု(ဃ)တွင် ဘူလ်ဂေးရီးယား၊ အာဂျင်တီးနား၊ ပေါ်တူဂီနှင့် ဂျာမနီအသင်းတို့ ပါဝင်သည်။

ကျူးဘားအမျိုးသား ဘော်လီဘောအသင်းသည် ကမ္ဘာ့အဆင့်၌ ပဉ္စမနေရာတွင် ရပ်တည်လျက်ရှိရာ ၂၀၁၂အိုလံပစ်အားကစားပွဲတော်အတွက်လည်း လက်ရည်စစ်ပွဲအောင်မြင်ထားသည့် အသင်းဖြစ်သည်။ ၂၀၁၂ကမ္ဘာ့အမျိုးသားဘော်လီဘောပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဘူလ်ဂေးရီးယားနိုင်ငံ ဆိုဖီယာမြို့၌ လာမည့် ဇူလိုင် ၄ ရက်မှ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ **(အင်တာနက်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ အမ်ဂျက်မာဂျစ် အဘာစီအား နေပြည်တော်ရှိ သမ္မတအိမ်တော်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန် အစ္စလာမ်မစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ အမ်ဂျက်မာဂျစ် အဘာစီသည် ယနေ့နံနက် ၁၁ နာရီခွဲတွင် နေပြည်တော်ရှိ သမ္မတအိမ်တော်သို့ သွားရောက်၍ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးသော်တို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် စင်ကာပူဝန်ကြီးချုပ်အားတွေ့ဆုံ နှစ်နိုင်ငံဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး ဆွေးနွေးခဲ့

တွေ့ဆုံ

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Lee Hsien Loong တို့ တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၁၆

စင်ကာပူသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကေရှမ်မူဂမ်၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် စင်ကာပူသမ္မတနိုင်ငံသို့ မေ ၁၄ ရက်မှ ၁၅ ရက်အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည်။

မေ ၁၄ ရက် ညနေ ၄ နာရီတွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် စင်ကာပူသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဦးလွင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များ လိုက်ပါလျက် စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီး ဂိုချောက်တောင်အား သမ္မတနန်းတော်၌ သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။

ည ၉ နာရီတွင် စင်ကာပူမဲဆန္ဒရှင်များက Nee Soon မဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် Dr. Lim Wee Kiak နှင့် တွေ့ဆုံသည့်အစီအစဉ် Meet- the - People Sessions(MPS)သို့ တက်ရောက်ခဲ့သည်။ အဆိုပါအစီအစဉ်မှာ မဲဆန္ဒရှင်များက ၎င်းတို့ တွေ့ကြုံရင်ဆိုင်နေရသည့် အခက်အခဲများကို လွှတ်တော်ကိုယ်စားလှယ်ထံတင်ပြသည့် အစီအစဉ်ဖြစ်သည်။

မေ ၁၅ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် စင်ကာပူပြည်သူ့ဝန်ထမ်းကောလိပ်သို့ သွားရောက်လေ့လာရာ ပြည်သူ့ဝန်ထမ်းကောလိပ် ဒုတိယအမှုဆောင်အရာရှိချုပ်က စင်ကာပူပြည်သူ့ဝန်ထမ်းကောလိပ်က လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် သင်တန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

နံနက် ၁၁ နာရီခွဲတွင် ပြည်ထောင်စုဝန်ကြီးသည် မြန်မာသံအမတ်ကြီး ဦးတင်ဦးလွင်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များလိုက်ပါလျက် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် Mr. Lee Hsien Loong အား ဝန်ကြီးချုပ်ရုံး ဧည့်ခန်းမဆောင်သို့ သွားရောက်ဂါရဝပြုတွေ့ဆုံကာ နှစ်နိုင်ငံဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာကိစ္စများကို ဆွေးနွေးခဲ့သည်။

မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဥပဒေရေးရာဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကေရှမ်မူဂမ်အား နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံသည်။ ထိုသို့တွေ့ဆုံစဉ် ဝန်ကြီးနှစ်ဦးက နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် မြန်မာ-စင်ကာပူ ***စာမျက်နှာ ၉ ကော်လံ ၄*** ◆

မြန်မာ့အလင်း ယနေ့ ဖတ်စရာ မှတ်စရာ၊ သတင်း အညွှန်း

(၆၅)ကြိမ်မြောက် ကိန်းစ်ရုပ်ရှင်ပွဲတော်ဖွင့်လှစ် စာ-၄



မင်းမျိုးမင်းနွယ်အဆက်ဆက် ပိုင်ဆိုင်ခဲ့သော တော်ဝင်စိန်ပွင့်ကြီးအား လေလံတင်ကြမ်းခင်းဈေးနှစ်ဆ အမေရိကန်ဒေါ်လာ ၉ ဒသမ ၇ သန်းဖြင့်ရောင်းချ စာ-၅

ကြယ်တာရာနဂါးငွေ့တန်းအတွင်း သက်ရှိများရှင်သန်နိုင်သော လွင့်မျောဂြိုဟ် ဘီလီယံများစွာရှိဟု သိပ္ပံပညာရှင်များပြောကြား စာ-၅



ပီရူးတိုက်စစ်မှူး ပီဇာရို စာ-၁၀ ဝါဒါဘရီမင်အသင်းမှ ထွက်ခွာမည်